ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
office@modnugmm.org

# ကာကွယ်ရေးစာစောင်

အတွဲ ၁၊ အမှတ်(၁)၊
နိုဝင်ဘာ (၂၂)၊ ၂၀၂၄ ခုနှစ်။
တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။



# ပြည်သူ့အတွက် PDF

ကာကွယ်ရေးစာစဉ်

အတွဲ ၁၊ အမှတ်(၁)



# မာတိကာ

■ အမှာစာ ၁

ကာကွယ်ရေးဝန်ကြီး၏ ဥယျောဇဉ် - ရည်မွန် ကာကွယ်ရေးဝန်ကြီး

■ ကဗျာကဏ္ဍ ၂

နွမ်းနွမ်းလျလျဒီဇင်ဘာ - ဆိုမာလီ

အဝေးကအချစ်အတွက်ကဗျာတပုဒ် - နီးနေ

ဒီနှစ်ထဲနှင်းတွေမကျဘူးနိုဝင်ဘာ - K Brang

တခေတ်တခါကလူငယ်ရဲဘော်လေးများ - ဂနိုက်

ညီလေးတယောက်ကပြောတယ် - ဆူးရစ်နွယ်

■ ဝတ္ထုတိုကဏ္ဍ ၇

ခွေးသတိပြု - စကောလယ်တော

အမှောင်ခေတ်ကပေးတဲ့ဆု - စကယ်ပယ်

■ အက်ဆေး ကဏ္ဍ ၁၁

ရဲဘော်ရဲဘက် - ညိမ်းအေး

နှစ်ကာလများ၊ နစ်ကာလာ **(Nick Colour)** များ - လူရောင်လွှင်

■ ဆောင်းပါးကဏ္ဍ ၁၅

COC နှစ်ရပ်ကဘာတွေလဲ ဘာကြောင့်လိုက်နာသင့်သလဲ - မင်းကောင်စီ

ဘာကြောင့်လေ့ကျင့်ရေးအရေးကြီးတာလဲ - ခဏ်းဝါ

အမြဲတမ်းတပ်မတော်တရပ်ဖြစ်လာရန်တည်ဆောက်ခြင်း - ကျော်ဟိန်း

■ အင်တာဗျူးကဏ္ဍ ၂၂


KNPP အင်တာဗျူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
office@modnugmm.org

# ကာကွယ်ရေးစာစဉ်

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

အတွဲ ၁၊ အမှတ်(၁)၊ နိုဝင်ဘာ( ၂၂ )၊ ၂၀၂၄ ခုနှစ်။




# "ကာကွယ်ရေးဝန်ကြီး၏ ဥယျောဇဥ်"

ပြည်သူ့ကာကွယ်ရေးတပ်မတော်သားများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ စစ်ပညာ တိုးတက် စေရန်နှင့် ပြည်သူ့ကာကွယ်ရေး ရဲဘော်အဖြစ် ဂုဏ်ယူနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ထုတ်ဝေဖြန့်ချီသည့် ကာကွယ်ရေးစာစဥ် ပြန်လည်ထွက်ရှိလာသည့်အတွက် များစွာ ဝမ်းမြောက်မိပါသည်။

စာစဥ်၏ ရည်မှန်းချက်မှာ ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့် အနာဂတ် ဖက်ဒရယ်တပ်မတော် တည်ဆောက်ရာတွင် စစ်ပညာထူးချွန်ပြီး လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော ပြည်သူ့ကာကွယ်ရေး တပ်မတော်သားများ ပေါ်ထွန်းလာရန်၊ ပြည်သူလူထု တရပ်လုံး လေးစား အားထားရသော တပ်မတော် တရပ် ဖြစ်ပေါ်လာရန် ဖြစ်ပါသည်။

အနာဂတ် ဖက်ဒရယ်တပ်မတော်၏ အမြုတေဖြစ်သော ပြည်သူ့ကာကွယ်ရေးတပ်မတော်သားများ၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက် နိုင်ရေးအတွက် အစဥ်မပြတ် လေ့ကျင့်သင်ကြားနေရန် အထူး လိုအပ်သည်။

ပြည်သူ့ခုခံတွန်းလှန်စစ်သည် ယနေ့အချိန်အခါတွင် အရေးကြီးသည့် အချိုးအကွေ့တခုသို့ ရောက်ရှိနေပြီဖြစ်သည်။ ဤသည်ကို တပ်ဖွဲ့ဝင်များ မျက်ခြေမပြတ် သတိပြုမိနေရန် အရေးကြီးပြီး အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေစွာ တုန့်ပြန် လုပ်ဆောင်နိုင်ရန်လည်း အထူး အရေးကြီး လှပါသည်။

အခြေအနေကို မျက်ခြေမပြတ် သတိပြုမိနေစေရေးတွင် ကာကွယ်ရေးစာစဥ်သည်လည်း တထောင့်တနေရာမှ ထောက်ကူပြုပေးနိုင်မည်ဟု ယုံကြည်သည်။ လက်ရုံးရည်ပြည့်ဝစေရန် စဥ်ဆက်မပြတ် လေ့ကျင့်နေရမည် ဖြစ်သကဲ့သို့ နှလုံးရည်ပြည့်ဝစေရန်လည်း ဤသို့သော စာစဥ်နှင့် အခြားစာပေအမျိုးမျိုးကို ဖတ်ရှုလေ့လာ နေကြရမည် ဖြစ်သည်။

ပြည်သူ့ကာကွယ်ရေးတပ်မတော်သားများနှင့်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ အားလုံးအနေဖြင့် ပြည်သူချစ် တပ်ဖွဲ့ဝင်များဖြစ်အောင် ပြုမူ ကျင့်ကြံ နေထိုင် လုပ်ဆောင်ကြပါ၊ ပြည်သူ၏ ခိုင်မာသော ထောက်ခံ ပံ့ပိုး အားပေး ကူညီမှုဖြင့်သာ တော်လှန်ရေး၏ အန္တိမအောင်ပွဲ ရရှိနိုင်မည်ကို စဥ်ဆက်မပြတ် နှလုံးသွင်းကြပါလို့ တိုက်တွန်းလိုက်ပါသည်။

ပြည်သူ့အရေးတော်ပုံ မုချအောင်ရမည်။

ရည်မွန်
ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

# ကဗျာကဏ္ဍ




## နွမ်းနွမ်းလျလျ ဒီဇင်ဘာ

အမှောင်ထဲ ကဗျာတွေရေးတော့
စကားလုံးတွေကတွန့်လိမ် ကောက်ကွေးနေတယ်
ဒီဇင်ဘာလမှာ အအေးဓာတ်တွေက
တစ်ယောက်ထဲ ပိုလွန်ကဲနေလို့
မင်းကိုယ်ငွေ့လေး အနဲငယ်လိုတယ်.....။

ဒီလိုပဲ ဖြတ်ကျော်လာခဲ့ရင်း
မကြာခင် ဒီဇင်ဘာ ပြန်ရောက်တော့မယ်
ရေခဲရိုက်ပြီးသား နှလုံးသားလေး
အခုထိ ရောင်းတန်းမဝင်သေး
ဒီနှစ်ဒူးရင်းသီးတွေ ပိုချိုမယ်ထင်လို့
ဈေး မေးထားသေးတယ်...။

ပျိုမြစ်တဲ့ တနင်္ဂနွေညတွေမှာ
ခရီးတွေပတ်သွားချင်တယ်
ညဈေးတန်းထက်လှတဲ့
ရှုမျှော်ခင်းလှလှတွေ ဝယ်ပေးထားပြီး
ချက်အရက် ပြင်းပြင်းကို
တစ်ချိုက်ထဲ အတူတူမော့မယ်
ငှက်ကလေး တွေကို
အိပ်တန်းမတက်စေပဲတေးသီခိုင်းမယ်

ညနေရဲ့နေအဝင်မှာ
ခိုကပ်လိုက်ပါခဲ့တာဒီဇင်ဘာသုံးခု
အခုထိပီပီပြင်ပြင်ကိုင်ဖျားကိုင်းနားလေးတောင်
အစရှာမတွေ့သေး
ဓာတ်ကြိုးပေါ်ကငှက်တွေကတော့
အဆင်ပြေလားမေးရှာတယ်
ရှုံးသွပ်မှုတွေဟာကဗျာဆန်ကြောင်း
ကျွန်တော်ပြန်ဖြေခဲ့တယ်.....။

အိပ်မောကျနေတဲ့လူတစ်ယောက်အတွက်
အိပ်မက်တွေဈေးကြီးတယ်ဆိုတာအလကားပါ
ဘယ်အရပ်ဒေသရောက်ရောက်
မေ့မရပုံက ခရုသင်းဆွဲသလို
ဟိုနားတစ်ကွက် ဒီနားတစ်ကွက်
ဖုံးမရ ဖိမရ ပေါ်လွင်နေတော့တာပဲ...။

အခုထိမျက်နှာမသစ်ရသေးလို့ထင်ပါရဲ့
မြူမှုန်တွေကရစ်ဆိုင်းနေတုန်း.....
ဒေါနတောင်မှာတစ်ခါလွမ်းပြီးတစ်ခါငိုတယ်
ခါရာတောင်မှာတစ်ခါလွမ်းပြီးတစ်ခါငိုတယ်
အချစ်လဲ လိုလိုလားလား
စစ်လဲလိုလိုလားလား
အကုသိုလ်တွေပဲ ဈေးကောင်းပေးဝယ်နေမိ။

ထားပါလေ... ညစောင့်တဲလေးထဲပဲ
ခွေခွေလေးပြန်အိပ်တော့မယ်
နတ်ဆိုးတွေရဲ့ ထွေးပွေ့မှုနဲ့အတူ
နွမ်းနွမ်းလျလျ အိပ်မက်တွေဆက်မက်မယ်
နွေကန္တာဦးထဲက
နုနုငယ် ချုံပုံကလေးတွေပြန်စဥ်းစားရင်း
မနက်ခင်း ရေအိုင်ထဲကမင်းကိုပြန်မလွတ်တော့ဘူး
နောက်တစ်နှစ်
နောက်တစ်ရာသီထပ်လွမ်းဖို့......။ ။

ဆိုမာလီ




## အဝေးကအချစ်အတွက် ကဗျာတပုဒ်

ခေါင်းစဉ်က ကိုယ့်ကို စောင့်ကြည့်နေလို့
တောင်ကုန်းတခုပေါ်မှာ ငြိမ်ငြိမ်လေး ဝပ် နေရတယ်
အဆုပ်လိုက်အခဲလိုက် လေအေးအေးတွေထဲ
ကိုယ်တို့လူငယ်ဘဝရဲ့ နောက်တရာသီစာ
ရွက်ဝါတွေလည်း ကြွေနေပြန်ပေါ့ အချစ်

ဟို အဝေးမှာ
အစွမ်းကုန်တောက်လောင်နေတဲ့ ကိုယ်တို့အနမ်းလို
တချိန်မှာ ပြန်ငြိမ်းသွားဦးမယ့် တောမီးတွေ နောက်ထပ်
ကိုယ်တို့အချစ်နဲ့သစ္စာတရားကို
စာမေးပွဲစစ်ဖို့စောင့်နေတဲ့ ရန်သူ့အမာခံစခန်းကုန်းတွေ

ဒီရက်တွေမှာ ကဗျာကို မရဘူး
သေနတ်မောင်းခလုတ်ကို ဆွဲညှစ်ခါနီးမှ တခုခုကို သတိရ
လာတာမျိုးဟာ ကဗျာ မဆန်ပါဘူး

ဘာပဲဖြစ်ဖြစ် ကိုယ်တို့မှာ အချစ်ရှိသေးရဲ့
စစ်အတွင်း အမေဟာ နှစ်ဆပိုအိုစာခဲ့လည်း
အိမ်ပြန်မလာသေးတဲ့ သားအတွက် ဘုရားဝတ်ပြုမြဲပဲတဲ့

အချစ်ရေ
လက်ဖက်ရည်နွေးနွေးတခွက်ထက် ကျည်ဆံသေတ္တာတွေကို
ပိုချစ်နိုင်သလား
လမင်းကို လောင်နေတဲ့ ဆောင်းမီးဖိုရဲ့အလင်းထဲမှာ
ဒီတနှစ်လည်း အဝေးရောက်ခရစ်စမတ်ဆုတောင်း
ကံ့ကော်ရာသီထဲက ယမ်းနံ့တွေမွှေးနေတဲ့ ပန်းတစည်း
ညနေမျက်ရည်ပြင်ကျယ်ကို ဖြတ်လာတဲ့
ကျ ဆုံးရဲဘော်ရဲ့ အလောင်းလှေ

ဒီလိုနဲ့
မြို့ပျက်ထဲက တိတ်တဆိတ် ဝရံတာတခုလို
နှင်းတွေ ရောက်လာတော့မယ်

အချစ်ရေ… ယုံကြည်ပါ
မအောင်မြင်တဲ့ စခန်းသိမ်းတိုက်ပွဲတခုရဲ့ အလယ်ဗဟိုကနေ
ဆုတ်ခွာခဲ့ရရင် တောင်
တချိန်မှာ ကိုယ်တို့အချစ်ဟာ
မိုင်းကွင်းတွေအလွန်က မနက်ခင်းသစ်ဆီ
မလွဲမသွေဆိုက်ရောက်နိုင်မှာ
အချိန်ကာလဖိစီးမှုထဲ မင့်နွမ်းနယ်အိပ်စက်နေတုန်း
ပွဲတော်ရဲ့အေးမြမှုကို
အနွေးထည်ထူထူဝတ်ပေးဖို့
မီးလောင်ပြင်ကို ကိုယ်ဖြတ်ခဲ့မှာ

ကဗျာခေါင်းစဉ်ကို ခေါက်သိမ်းပြီးရင်
မွေးနေ့အမီ ပြန်ရောက်ဖို့
လူသေတွေပေါ်ဖြတ်လျှောက်ခဲ့တာကို
ညအိပ်ယာဝင်ပုံပြင်လို ကိုယ် ပြောပြမှာပေါ့
မီးခိုးမှုန်နေတဲ့ အလွမ်းနဲ့
မင်းမျက်တောင်တွေကို နမ်းမှာပေါ့

နီးနေ




## ဒီနှစ်ထဲ နှင်းတွေမကျဘူး နိုဝင်ဘာ

လူ့ဘဝဖြစ်တည်မှုအမောတွေထဲ
မင်းအပြုံး လေးတွေက
နှင်းပန်းလေးလို --- နိုဝင်ဘာ။

နှင်းပန်းလေးတွေလေ
ရွာကမောင်ဘွားတွေ ထွက်သွားတော့
ချောင်းကမ်းနံဘေး
ကိုင်းတောရှည်ရှည်
မျက်ရှည်ရှည်တွေမှာ -- နှင်းတွေ၊
ကြည့်စမ်း --
မောင်လေး ညီလေးတွေရဲ့
ခေတ်ကြီးကို ထမ်းပိုးသွားတဲ့
ကျောပြင်မှုန်ပြပြလေးတွေ၊
ဒါ--
နှင်းတွေမှ ဟုတ်ရဲ့လား
မင်းမျက်ဝန်း မှာ စို့နေတဲ့-- မျက်ရည်စတွေ။

သူရဲကောင်းတွေက ဟယ်လင်--
အချစ်ကြောင့် စစ်တိုက်ကြတယ်၊
စပါတာတွေ လည်း စစ်တိုက်တယ်
ဂျုံး အော့အာ့ခ် လည်းစစ်တိုက်တယ်
အိုင်ယာလန် ပျောက်ကြားတွေလည်း စစ်တိုက်တယ်
ဟိုလေ--
ကထိက ဆရာမကြီးတောင် စစ်တိုက်တယ်၊
ချစ်ခြင်း မေတ္တာတွေကြောင့်
စစ်တွေတိုက်၊ တိုက်နေကြရတာလေ-- နိုဝင်ဘာ။

ညီမလေး လေ
အဖေ့လက်ဆွဲ နိုင်ငံရေးတရားပွဲတွေကို
နားထောင်တတ်တဲ့
တောထဲတောင်တဲက
မိတဆိုး ညီမလေးလည်း
စစ်တိုက်တယ်၊

စာသင်ကျောင်းရှေ့
ဘုန်းကနဲ လဲကျသွားတဲ့သူငယ်ချင်း
သူ့ရင်ဘတ်ထဲ သွေးတွေစို--
ကြွေးကြော်သံလေး တီတိုးရွတ်ဆိုသွားတဲ့ သူငယ်ချင်း
အတွက် စစ်တိုက်တယ်၊

ဒိုင်းကာပေးရင်း ကျည်သင့်သွားတဲ့
ချစ်သူကောင်လေးရဲ့--
ချစ်သူ ကောင်မလေးလည်း စစ်တိုက်တယ်၊

စစ်မောင်းသံတွေ ထောင်းလမောင်းညံလို့
စာသင်ကျောင်းထဲက ပြေးလွှားပုန်းခိုနေရတဲ့
မျက်ဝန်းစိုစိုလေးတွေအတွက်
ကျောင်းဆရာလေးလည်း-- စစ်တိုက်တယ်။

ဒီနှစ်ထဲ နှင်းတွေ မကျဘူး နိုဝင်ဘာ၊
တောင်တန်း၊ တောအုပ်၊ လွင်ပြင် မြစ်ချောင်းတွေမှာ
မြူတွေလေ၊ မြူတွေ ဆိုင်း--လို့၊
အဲ့တာ မြူတွေ မဟုတ်ဘူး နိုဝင်ဘာ
အဲ့တာ ယမ်းငွေ့တွေ၊
ပြီးတော့ --
အရီး နန်းမြရဲ့ရွာတန်းရှည်လေးက အူတက်လာတဲ့
မီးခိုးတွေ၊

တောင်တန်း၊ တောအုပ်၊ လွင်ပြင် မြစ်ချောင်းတွေမှာ
ကျေးငှက်တွေ ချစ်ရည်လူးတဲ့၊
သစ်ရွက်ဖျောက်သံတွေ--
စိမ့်စမ်း တွေရဲ့ နှလုံးခုန်စည်းချက် နရီတွေ၊
မဟုတ်ဘူး နိုဝင်ဘာ--- မဟုတ်ဘူး
ဒါ ကျည်ဆံ မိုးတွေ၊
ပြေးလွှားအော်ငိုသံတွေ

ပီးတော့--
ညီ၊ မောင် တွေရဲ့ တပ်ထိုးစစ်ချီသံတွေ၊
ပီးတော့--
ဦလေးသောင်းစိန်ရဲ့ --လက်နဲ့လုပ်တဲ့
ရေမြုပ်မိုင်းရဲ့ ထိ ကနဲ မြည်တဲ့အသံတွေ၊
တောင်တန်း၊ တောအုပ်၊ လွင်ပြင် မြစ်ချောင်းတွေမှာ
နှင်းတွေ မကျဘူး နိုဝင်ဘာ။

ဒီလိုခေတ်ဆိုး ခေတ်ပျက်ကြီးထဲ
မင်းလက်ကလေး ခိုးကိုင်မိသေးတယ်
ညက မှောင်နေလို့ --
မနက်ခင်းလင်းမှ ပြန်ဆုံကြမယ်
နိုဝင်ဘာ။

K Brang ( ၃၀၊ နိုဝင်ဘာ)




**တခေတ်တခါက လူငယ်ရဲဘော်လေးများ**

မိန်းမတယောက်ရဲ့နူးညံ့တဲ့ဆံသားတွေကိုထိုးဖွဖူးသလို
ဦးသူစားစစ်ပွဲမှာလဲ မောင်းခလုတ်တွေကိုဆွဲဖူးတဲ့
ငါတို့လက်တွေကို ငါတို့ဂုဏ်ယူရမယ် ။
အစိုးရနဲ့လူငယ်တွေ့ဆုံပွဲက မျက်မှန်ဝိုင်းဝိုင်းနဲ့
ကောင်တွေကို ငါတို့က မနာလိုစရာသောက်ကြောင်းမရှိ
လူငယ်အစစ်မဟုတ်တဲ့လူတွေကို
တွေ့ခဲ့ရတဲ့အစိုးရကိုတော့ ငါတို့အုတ်ခုံက
ဂစ်တာတီးတဲ့ကောင်တွေ လှောင်ရယ်မှာရမယ်။

မနက်ပိုင်း ဒေါင်ဆိုင်ထိုင်ရင်ထိုင်မယ်
ညနေပိုင်း ဘုံဆိုင်ရွှေ့ရင်ရွှေ့မယ်
ဇယားတွေနဲ့မပတ်သက်သလို
ချောင်းရိုက်ဖို့လဲမတွေးဖူးခဲ့
ငါတို့လူငယ်ဘဝတွေက ပျော်ပျော်နေသေခဲ့တွေ။
ငါတို့ဟာ မသေလို့ကျန်ခဲ့တဲ့
စစ်ပြီးစ မြို့ပျက်ထဲက ပစ်တိုင်းထောင်ရုပ်တွေလို
ဘယ်နေရာရောက်ရောက် အော်ရယ်တတ်စမြဲ။

လူထုတိုက်ပွဲတွေမှာ ငါတို့နိုင်ရင်နိုင်မယ်
ကိုယ်ချစ်ရတဲ့မိန်းမတွေအတွက်
တောအထပ်ထပ်ထဲမှာ ကြာရေကန်တွေကို
လိုက်ရှာပြီး အေးမြစေဖို့ဝန်မလေးခဲ့ကြ။

အချစ်အတွက်ဆို စုဝံကြယ်ကို ခူးပေးမယ်ဆိုတဲ့
သောက်စကားတွေကို ငါတို့မယုံကြည်
ဘုရားသခင်ကိုလဲ ငါတို့မယုံကြည်။
ငါတို့မြတ်မြတ်နိုးနိုးဆုပ်ကိုင်ခဲ့တဲ့အရာတွေက
မိန်းမတယောက်ရဲ့လက်ဖြစ်ရင်ဖြစ်မယ်
ငါတို့ခြံုအိပ်ရမဲ့ အလံတော်ဖြစ်ရင်ဖြစ်မယ်။

အရာရာဟာတသမတ်ထဲ ရှိကြေးဆို
တော်လှန်ရေးဟာ မနက်ဖြန်ပြီးပြီ။
သောက်တလွဲအယူအဆတွေနဲ့
သောက်တလွဲမေးငေါ့တဲ့လူတွေကိုမုန်းတယ်
မာကျောတတ်ယောင်ဆောင်ထားတဲ့ကိုယ့်သောက်ခွက်ကို
စစ်ပြီးရင်ပြုပြင်ဖို့ နှလုံးသားကိုအရည်ကြိုထားရမယ် ။
အဆုံးအဖြတ်ဆိုတာ ဈေးထဲက ငါးစိမ်းသည်တွေလို
အော်ဟစ်ပြီး တောင်းယူလို့မရတဲ့အတွက်
အချစ်နဲ့စစ်ကိုတော့ တိုက်ယူရဲရလိမ့်မယ် ရဲဘော်။

ကွန်မြူနစ်ဆို အချစ်နဲ့ဝေးလိမ့်မယ်
သောက်တလွဲ ပြောတဲ့စကားတွေကိုမေ့လိုက်
အချစ်နဲ့စစ်ဟာ မတရားခဲ့ရင်တောင်
ရိုးသားမှုကိုရအောင်ပြိုင်ရမယ်။
တိမ်စိုင်တွေကိုလွင့်ပျယ်ဖို့ငါတို့ကိုမလိုအပ်ဘူး
ရေငွေ့ပျံခြင်းသဘောတရားကိုတော့
သိထားသင့်ဖို့လိုမယ်။

အချစ်နဲ့တိုက်ပွဲဝင်နေ့တွေရောက်ဖို့
ငါတို့ကြွေးကြော်သံတွေအတွက် ဂုဏ်ယူရဲဖို့
အကြောက်တရားကိုငါတို့ကြောက်တတ်ဖို့အတွက်
မင်းရော ငါရော ကြိုးစင်တက်ရဲပေမဲ့
အရင်လို အပြာကားတွေခိုးမကြည့်ရဖို့နဲ့
ငါတို့ရဲ့ လူငယ်ည စစ်စစ်တွေပြန်ရဖို့အတွက်
စစ်ပွဲစစ်စစ်ကို ငါတို့တိုက်ရဲရလိမ့်မယ် ငါ့ရဲဘော်။

ဂနိုက်




## ညီလေးတယောက်ကပြောတယ်

လွတ်လပ်လမ်းကို
ကျနော့်အသားစတွေနဲ့ ခင်းမယ်
လွတ်လပ်အလံတော်ကို
ကျနော့်သွေးနဲ့ အရောင်ခြယ်မယ်
မင်းကဘာဖြစ်ချင်သလဲဆိုတော့
ကြယ်ဖြူဖြူလေးပါပဲတဲ့။

နေ့တိုင်းပဲ ကျောပိုးအိတ်ထဲမှာ
ဒီမိုကရေစီတွေအပြည့်ထည့်
အိမ်ပြန်မှချစီးမယ့် ရာဘာဖိနပ်ကလေးတရံ
အရမ်းမုန်းတဲ့ စခန်းကုန်းတွေကို
တကုန်းပြီးတကုန်းကျော်
ပြုံးနေတဲ့အပျော်တွေက
ကျနော့်ရဲ့ ၁၂လရာသီ ရိက္ခာခြောက်တွေပေါ့။

အကိုသိလား
ဒိုင်ဖင်ထိုးချလို့မရတဲ့ ပင်လယ်တခုအကြောင်း
နာကျည်းညည်းညူသံတွေရဲ့ အဆုံး
စစ်သီချင်းတပုဒ်ကို
ပင်လယ်ထဲ ဆိုပြမယ်
ပွဲတင်လာတဲ့အသံဟာ
ငြိမ်းချမ်းရေးလို့ မြည်ဟီးတယ်။

အကိုသိလား
ရိုးရိုးသားသားလိုးချထားတဲ့ လိုအင်တွေ
အမှန်တရားကို တည့်တည့်မှန်မယ့် ကျည်ဆံတွေ
ကျနော့်လဘက်ရည်ခွက်ထဲကို
ဘယ်သူ သကြားခတ်သွားတာလဲ
အဝီစိထိကျသွားပါစေ
စိမ့်လွန်းတဲ့ဘဝတွေ

အကိုသိလား
ယုံကြည်ရာကို မီးနဲ့ရှို့လို့မရဘူး
ယုံကြည်ရာတွေမှာ ငွေတန်ဖိုး
အခေါက် ရွှေဈေးတွေ မရှိဘူး

လူတယောက်ဟာ
သူနေထိုင်ရာ နိုင်ငံတခုကို စိတ်ကူနှ်သွားတဲ့အခါ
ကျွန်ဖြစ်မယ့်အရေးကိုလည်း
လက်ပိုက်ကြည့်နေကြမှာပဲ
အကိုသိလား
မနေနိုင်သူ ကြယ်ကလေးရဲ့
တေးသံကို

အကိုကြားရသေးလား
မိခင်တယောက်ရဲ့ ဆုတောင်းသံတွေ
တောင်တန်းတွေ တောအုပ်တွေ မြစ်ပြင်တွေ
ကျော်ဖြတ်ပြီး
ကျနော်တို့ဆီ စစ်ကူလာနေပြီ။

နိုင်ငံတော်မြေပုံလို အမာရွတ်လေးဟာ
မှတ်ပုံတင်ထဲက ထင်ရှားတဲ့အမှတ်သားပဲ
သွေးအမျိုးစားကိုမေးလာရင်
ကျနော် ဖြေရအုံးမလား။

အကိုရေ
ကဗျာရေးသူတယောက်ဟာ
သူရေးလိုက်တဲ့ကဗျာလို
သူ့ဘဝကိုနေထိုင်ခဲ့တယ် ဆိုပါစို့
အဲ့ဒါ
ကဗျာဆရာမဟုတ်ဘူး
တော်လှန်ရေးသမားပဲ ။ ။

ဆူးရစ်နွယ်

# ဝတ္ထုတိုကဏ္ဍ




## ခွေးသတ်ပြု

လူ သွား လူ လာ များ ကား ဂိ တ် တွေ အ နီး က အဆောက်အဦးတခု။ ဒီနေရာမှာ စာအုပ်နဲ့ စာရေးကိရိယာဆိုင်ကြီး လာဖွင့်ဖူးတယ်။ မကြာဘူး၊ ပြုတ်သွားတယ်။ အလှကုန်နဲ့ စတိုးဆိုင်လည်း နှစ်ပတ်မလည်လိုက်ရဘူး။ ကွန်ပြူတာ စာစီ စာရိုက်နဲ့ ရောင်စုံမိတ္တူကူး၊ ကဒ်အမျိုးမျိုး ပလပ်စတစ်လောင်းသည်လည်း သက်တမ်းတိုရှာတယ်။ တည်းခိုခန်းတခုပဲ နှစ်နှစ်လောက်ကြာ ထင်ပါရဲ့။

အခုတော့ ငှားရန် ဆိုင်းဘုတ်မှာ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်နှစ်ခုက အခိုင်အမာ နေရာယူထားတယ်။ အဲဒီ ဗီနိုင်းဆိုင်းဘုတ်ထက် ခိုင်မာတာက လူတွေ။ လူတွေက ဟောဒီ အဆောက်အဦးကို နာမည်တခု ချစ်စနိုး ပေးထားကြတယ်။ "နမ်းတွင်း" တဲ့။ မသိသူတွေက မန္တလေး နန်းမြို့ရိုးထဲက ဗိုလ်ကြီး၊ ဗိုလ်မှူး၊ ဗိုလ်ချုပ်တွေနေကြတဲ့ နန်းတွင်းသားတွေကို အစွဲပြုခေါ်တယ်လို့ ထင်ကြလိမ့်မယ်။

ဟုတ်ရင်လည်း ဟုတ်နိုင်တယ်။

နမ်းတွင်းမှာ နေ့ရောညပါ ထမင်းအိုး တည်နေကြတဲ့ သူတွေရှိတယ်။ မီးခိုးတွေ အူမနေ၊ မီးသွေးပေါက်သံတွေ ထွက်မနေဘူး။ အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် တည်နေကြတဲ့ ထမင်းအိုးတွေလေ။ ခန္ဓာကိုယ်ကို လောင်စာလုပ်ပြီး တည်ကြရတဲ့ အိုးတွေ။ တချို့လည်း ပြည့်ပြည့်၊ တချို့လည်း မပြည့်တပြည့်။ တချို့က ဆယ်ကျော်သက်၊ တချို့က ဘယ်နှဆယ်ကျော်မှန်း ခန့်မှန်းရခက်အောင် ဖြီးလိမ်း ခြယ်လို့ သလို့၊ အရောင်အသွေးစုံတယ်။

အကြောင်းမသိကြတဲ့ ပုရိသတွေ လည်ပြန်ကြည့်ရင်း ခလုတ်တိုက်သူ တိုက်မိကြ။ အဲဒီလို တံထွေးမြိုချသူတွေကို နမ်းတွင်းမလေးတွေက ချိုအီအီ ထူပြစ်ပြစ်အပြုံးနဲ့ ငေးရီတဲ့ မျက်လုံးတွေ အကြည့်တွေ လက်ဆောင်ပြန်ပေးလေ့ရှိတယ်။ စိတ်မခိုင်တဲ့ ကိုကိုတွေ ယိုင်ကြဖို့ပဲ။ နမ်းတွင်းသူလေး ပင့်တဲ့ မျက်ခုံးတစုံမှာ အဓိပ္ပါယ်တွေ၊ စကားလုံးတွေ တလှေကြီး၊ လိုရာသုံး မယ့် တကိုယ်လုံး ဆိုသလိုပဲ။

ဒီနေ့တော့ သူတို့ထိုင်နေကျ လှေခါးထစ်လေးမှာ တယောက်ပဲရှိတယ်။ ကျန်တဲ့နှစ်ယောက်က ပလက်ဖောင်းအောက်ကိုဆင်း၊ သူတို့ဆီ တူရူလာနေတဲ့ မော်တော်ဆိုင်ကယ်စီးသူတိုင်းကို အရှိန်လျှော့အောင် သင်္ကေတပြပြီး စကားပြောနေကြတယ်။

မသိသူတွေက ဟ ဘယ်လိုဟာတွေလဲ … အမြှူအဆွယ် ကြမ်းလှချည်လား ထင်စရာ။

မသိဘဲ လျှောက်တွေး ထင်ရင် မှားမယ်။

"ရှေ့မှာ ခွေးဖြူနဲ့ စစ်ခွေးတွေ ဆိုင်ကယ်ဖမ်းနေတယ်" တဲ့ …

နမ်းတွင်းသူမှာလည်း နှလုံးသားနဲ့ပါ …။

စကောလယ်တော




## အမှောင်ခေတ်က ပေးတဲ့ဆု

ပိုးသတ်ဆေးရည်များ အမြန်လောင်းချဆေးကြောနေသော ဝမ်းဗိုက်သည် ကန်ရေမျက်နှာပြင်ကဲ့သို့ လှုပ်ခတ်လျက်ရှိနေသည်ကို ကြည့်ရင်း ဝမ်းဗိုက်အတွင်းတွင် သွေးမည်မျှ ထွက်နေလိမ့်မည်ကို သူ မှန်းဆကြည့်နေမိသည်။ ပေါက်ကွဲမှုတခုကြောင့် အရေးပေါ်ရောက်ရှိလာသော လူနာ။ ဆေးပညာအရ Multiple Injuries ဟုခေါ်သော နေရာစုံ ထိခိုက်ဒဏ်ရာရထားသော လူနာ။ ကံကောင်းထောက်မစွာ ဦးခေါင်းကို ထိခိုက်ထားခြင်း မရှိသဖြင့် သတိကောင်းကောင်းရနေသေးသော လူနာ။ သတိရှိနေသော်လည်း ဝမ်းဗိုက်နှင့် ပေါင်ရင်းမှာ ဒဏ်ရာများကြောင့် သွေးထွက်များနေသဖြင့် ဖြူဖျော့လျက်ရှိရာ ဆေးပုလင်းများ၊ သွေးပုလင်းများဖြင့် ရှော့ခ်မရစေရန် အသည်းအသန်ကျားကန်ထားရသော လူနာ။

လှို့ဝှက်ထားသော ဆေးရုံတခုမှာ လှို့ဝှက်စွာ ခွဲစိတ်ကုသရမည်ဖြစ်ရာ 'အချိန်' က သူတို့အားလုံးအတွက် အသက်တမျှ အရေးကြီးနေသည်။ လူနာကို သယ်ဆောင်လာပေးသော အဖွဲ့က တာဝန်ကျေစွာဖြင့် ဆေးရုံကို အချိန်မီ ပို့ဆောင်ပေးခဲ့ပြီဖြစ်ရာ ယခု သူတို့ဘက်မှလည်း ဆက်လက် တာဝန်ကျေရတော့ပေမည်။ ဆေးကြောသန့်စင်ထားသော ဝမ်းဗိုက်ပေါ်သို့ ခပ်မြန်မြန်ပင် သူ ဓားတင်လိုက်သည်။ ခါတိုင်း ဗိုက်ဖွင့်လျှင် တလွှာချင်း လှလှပပ ခွဲစိတ်တတ်သော သူ သည်တခါတော့ တချက်တည်းနှင့် ခပ်နက်နက် ခွဲချလိုက်ရာ တခဏအတွင်းမှာပင် ဝမ်းခေါင်းအမြှေးပါးကြီး ပေါ်လာသည်။ ပုံမှန်အတိုင်းဆိုလျှင် ထိုအမြှေး

ပါးသည် ပုလဲဖြူရောင်ကဲ့သို့ ဖွေးနေမည်ဖြစ်သော်လည်း ယခုအခါ အတွင်းမှာ ယိုစိမ့်နေသော သွေးများဖြင့် ပြည့်တင်းလျက်ရှိသောကြောင့် ပြာနှမ်းနှမ်း ဖြစ်နေသည်။

"ဆပ်ရှင် (Suction) ရယ်ဒီလုပ်ထားနော်၊ တလုံးနဲ့မရရင် နှစ်လုံးဆင်ထားပေး" သူ လက်ထောက်ဖြစ်သူနှင့် ခွဲစိတ်ခန်းသူနာပြုကို သတိပေးလိုက်သည်။ ချက်ချင်းပင် ဆပ်ရှင်စက်ဖွင့်သံ ဂျီးခနဲ မြည်လာ၏။

အားလုံးအဆင်သင့်ဖြစ်သည်နှင့်တပြိုင်နက် ပြာနှမ်းနေသော ဝမ်းဗိုက်အမြှေးပါးကို သူ ဖွင့်ချလိုက်သည်။ ရေကာတာကြီး ကျိုးထွက်သွားသကဲ့သို့ အတွင်းမှ သွေးဟောင်းများ ပွက်ခနဲလျှံကျလာသည်။

"စုပ် စုပ်၊ မြန်မြန်"

ဆပ်ရှင်ပိုက်မှတဆင့် ဆပ်ရှင်စက်ပုလင်းထဲသို့ သွေးများ ဗွမ်းခနဲ ဗွမ်းခနဲ စီးကျလာသည်။ သူကိုယ်တိုင်လည်း မျက်စိနှင့်မြင်သမျှ သွေးခဲတုံးများကို လက်နှင့်နှိုက်ထုတ်ကာ ခွဲစိတ်ခန်းသူနာပြုက အသင့်ထိုးခံပေးထားသော Kidney tray (ကျောက်ကပ်ပုံခွက်) ထဲသို့ ကောက်ထည့်နေသည်။ ချက်ချင်းပင် ဆပ်ရှင်ပုလင်းထဲမှာရော၊ Kidney tray ထဲမှာပါ မည်းညစ်ညစ် သွေးဟောင်းများနှင့် သွေးခဲတုံးများ ပြည့်သွားသည်။

ဝမ်းဗိုက်အတွင်း ယိုစိမ့်နေသောသွေးများ ကုန်သလောက် စုပ်ပြီးသွားချိန်တွင် ဝမ်းဗိုက်အတွင်းသို့ ကောင်းစွာမြင်နိုင်စေရန် လက်ထောက်ဖြစ်သူအား ဝမ်းဗိုက်ဖြဲကိရိယာဖြင့် ဆွဲချဲ့ခိုင်းလိုက်သည်။ ထို့နောက် အူနှင့် ဝမ်းတွင်းကလီစာများကို သူ အမြန်စစ်ဆေးလိုက်သည်။

"အခြေအနေကတော့ သိပ်မဆိုးဘူး၊ Liver လည်းမထိဘူး၊ Spleen နဲ့ Kidney လည်း မထိထားဘူး၊ Major vessels တွေလည်း intact ပဲ၊ Perforation ကတော့ လေးပေါက်တောင်ရှိတယ်"

အသည်း၊ ဘေလုံး၊ ကျောက်ကပ်နှင့် သွေးကြောမကြီးများ ထိခိုက်ထားခြင်းမရှိကြောင်း၊ အူတွေမှာသာ ပေါက်ပြဲဒဏ်ရာများရှိကြောင်း သူ့လက်ထောက်ကို သူပြောပြလိုက်သည်။ ထို့နောက် ပို၍သေချာစေရန် သူ့လက်ထောက်ကိုလည်း အမြန်ကြည့်စေလိုက်၏။

သူ၏ ကျင့်သားရပြီးသား လက်များက ဖုံးဆန်အစအနများကို ခပ်သွက်သွက် ဖယ်ထုတ်လိုက်ပြီး အူအပေါက်များကိုလည်း တပေါက်ပြီးတပေါက် အမြန်ဖာထေးလိုက်၏။ ခါတိုင်းဆိုလျှင် ထိုကဲ့သို့ အူအပေါက်မျိုးကို သေချာသည်ထက်သေချာအောင် နှစ်ထပ်သုံးထပ် လုံအောင်ချုပ်ကာ တသသ လုပ်နေမည်ဖြစ်သော်လည်း ယခုအခါ အချိန်လုပြီး လုပ်နေရသည်ဖြစ်ရာ တနာရီအတွင်း သူ အပြီးဖာလိုက်သည်။

အချိန်မတော်ကြီး လျှို့ဝှက်စွာ ခွဲစိတ်ကြရသည်ဖြစ်ရာ အန္တရာယ်က ဘယ်အချိန် ဝုန်းခနဲ တံခါးဆွဲဖွင့်ပြီး ရောက်ချလာမည် မသိနိုင်။ လူ့အသက်ကယ်ရသည့်ကိစ္စကို နောက်ကျောမလုံစွာဖြင့် လုပ်ဆောင်ရလိမ့်မည်ဟု သူတခါမှ မတွေးမိဖူးခဲ့။ ဆေးရုံတွေ တရုံပြီးတရုံ အပိတ်ခံရပြီး၊ စစ်မျက်နှာပြင်တွေ တခုပြီးတခု ဖွင့်နေသော တိုင်းပြည်တခုမှာ သူ အသက်ဆက်ရှင်မိလျက်သား ဖြစ်နေလေပြီ။ စစ်မြေပြင်သည် သူတို့၏ ခွဲစိတ်ခန်းထဲအထိ ဝင်ရောက်လာပြီ။ ထွက်ပြေးမလား။ ရင်ဆိုင်မလား။ မိမိတို့ သဘော။

သူတို့အားလုံး တည်တည်ငြိမ်ငြိမ် သွက်သွက်လက်လက်ဖြင့် ဝမ်းဗိုက်ကို လက်စသတ် ပိတ်လိုက်ကြသည်။

"ဟာ ဆရာတို့ မြန်လှချည်လား"

အသင့်စောင့်ဆိုင်းနေသော သူ၏ စီနီယာဆရာကြီးက အံ့သြတကြီး ပြောလိုက်သည်။

"ဟုတ်တယ်ဆရာ၊ ဆရာနဲ့အတူ အောက်ဘက်ကို ထပ်ဝင်မလို့ မြန်မြန်ပဲ လက်စသတ်လိုက်တာ ဆရာ"

လက်အိတ်အဟောင်းကိုချွတ်ပြီး ချက်ချင်းပင် လက်အိတ်အသစ်လဲလိုက်ရင်း သူပြောလိုက်သဖြင့် သူ့စီနီယာက ခေါင်းတညိမ့်ညိမ့် လုပ်နေလေ၏။ ယခုအခါ သူတို့သည် ခွဲစိတ်မှု တစိတ်တပိုင်း ပြီးမြောက်သွားသဖြင့် အမောနည်းနည်း ပြေသွားသော်လည်း သည်ထက်မြင့်သည့် တောင်တလုံး ထပ်တက်ရန် ကျန်နေသေးသည်။

ဂွမ်းပတ်တီးလိပ်များဖြင့် အထပ်ထပ် ဖိသိပ်ကာ သွေးထွက်နည်းအောင် ပြုလုပ်ထားရသော ပေါင်ရင်းမှဒဏ်ရာမှာ ဝမ်းဗိုက်ဒဏ်ရာထက် အခြေအနေ ပိုဆိုးနိုင်ပြီး ခွဲစိတ်ချိန်ပိုကြာနိုင်သဖြင့် အလျှင်အမြန် ဖြေရှင်းနိုင်သော ဝမ်းဗိုက်ကို အရင်ဖွင့်ရန် သူတို့ ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ အဆင်မပြေလျှင် ထိုခြေထောက်တဘက်ကို သူတို့ လက်လွှတ်ရနိုင်သည်။

ထို့ကြောင့် သူနှင့် သူ့ စီနီယာတို့ အချိန်မဆိုင်းတော့ဘဲ ပွဲဆက်ကရန် လူနာ၏ ခြေထောက်နားသို့ ရွှေ့လိုက်ကြသည်။ အထပ်ထပ် ဖိသိပ်ထားသော ပတ်တီးလိပ်များကို သူတို့ သတိနှင့် တလွှာချင်း ပြန်ခွါလိုက်ကြသည်။ ပတ်တီးစများ

မှာ သွေးစေးများနှင့် ခြောက်ပြီးကပ်နေသောကြောင့် နော်မယ် ဆေလိုင်းနှင့် ဖြန်းကာ ဖြည်းဖြည်းချင်း ခွါနေရ၏။ နောက်ဆုံး တချပ် ခွါလိုက်သည်နှင့် သူတို့ထင်ထားသည့်အတိုင်း သွေးက ထောင်းခနဲ မျက်နှာကျက်အထိ ထောင်ပန်းသည့်အပြင် သူတို့ မျက်နှာတွေကိုပါ ပက်ဖြန်းပြီးသား ဖြစ်သွားသည်။

"ဟာ Femoral vessel တွေ ထိတာနဲ့တူတယ်"

သူတို့ ချက်ချင်းပင် သွေးထွက်ရာနေရာကို ပတ်တီးလိပ် များဖြင့် အမြန်ပြန်ဖိပိတ်လိုက်ရသည်။ ပေါင်ရင်းသွေးကြောကြီး တွေ ထိခိုက်ထားသောကြောင့် ထိုကဲ့သို့ ထောင်ပန်းနေခြင်း ဖြစ်၏။

"ပေါင်ရင်းဖြစ်နေတော့ တော်နီကေး စည်းလို့လည်းမ ရဘူး၊ ဒီအတိုင်းပဲ လက်နဲ့ဖိထားကြရမှာပဲ"
သူ့စီနီယာက ပြောလိုက်သဖြင့် လက်ထောက်တယောက်က ဂွမ်းပတ်တီးထူထူဖြင့် ဒဏ်ရာကို အားကုန်ဖိထားပေးရ၏။ ထို့နောက် သူနှင့် သူ့စီနီယာတို့ သွေးထွက်ရာ အရင်းအမြစ်ကို အမြန်ရှာဖွေပြီး သွေးတိတ်အောင် ညှပ်များနှင့် ခပ်သွက်သွက် ပင် ဖမ်းညှပ်လိုက်ကြသည်။

"Femoral artery ရော Femoral vein ရော ထိထား တာပဲ၊ artery ကတော့ ပြတ်တောင်ပြတ်တော့မယ်၊ တည်း တည်းလေးပဲ ကျန်ပြီ" ပေါင်ရင်း သွေးလွှတ်ကြောမကြီး ရော၊ သွေးပြန်ကြောမကြီးပါ ထိခိုက်ထားခြင်းဖြစ်ကြောင်း၊ သွေးလွှတ်ကြောကြီးမှာ ပြတ်ပင်ပြတ်ထွက်တော့မည် ဖြစ်ကြောင်း သူ့ စီနီယာက အံ့သြတကြီး ပြောလိုက်သည်။ သွေးမထွက်အောင် ထိန်းချုပ်နိုင်ပြီးနောက် ဒဏ်ရာကို သေသေချာချာ ကြည့်ရှုစစ်ဆေးလိုက်ကာ သွေးကြောများ ကို ပြန်ဆက်ကြရန် သူတို့ ပြင်ဆင်လိုက်ကြသည်။ အသက် ကိုရော ခြေထောက်ကိုပါ ကယ်တင်နိုင်ကြရန် သူတို့ကြိုးစားရ သည်။ အမှန်မှာ သူရော၊ သူ့စီနီယာပါ သွေးကြောဆိုင်ရာ ခွဲစိတ် ဆရာဝန်များ မဟုတ်ကြချေ။

သို့သော်လည်း ယခုကဲ့သို့ ပုန်းလျှိုးကွယ်လျှိုး ခွဲစိတ်ကု သရသော အခြေအနေမျိုးတွင် ခါတိုင်းကဲ့သို့ နယ်စည်းမကျော် ကြေးလုပ်ပြီး ဆိုင်ရာပိုင်ရာများကို ပင့်ဖိတ်နေရန် မဖြစ်နိုင်။ ပင့် လည်း လာဝံ့ကြမည် မထင်။ သို့နှင့်ပင် ရှိသည့်ဘုရား၊ ကြည့် မည့်ဘုရားကိုသာ စိတ်ထဲမှပင့်ဖိတ်လိုက်ပြီး ပြတ်ထွက်နေသော သွေးကြောများကိုဆက်ရန် သူတို့ဆုံးဖြတ်လိုက်ကြသည်။

ပြဿနာက ပြတ်ထွက်နေသော သွေးကြော၏ အရင်း ပိုင်းနှင့် အဖျားပိုင်းမှာ ဆွဲကပ်ထိဆက်၍မရနိုင်ဘဲ တင်းခံနေ၏။

"အတင်းဆွဲချုပ်ပြီး ဆက်လိုက်ရင် Tension များပြီး failure ရသွားမှာ"

တင်းအားများနေသောကြောင့် ချုပ်လို့အဆင်မပြေနိုင် ကြောင်း စီနီယာပြောနေသည်။ ထို့နောက် အကြံတခုရသွား ဟန်ဖြင့် စီနီယာက လူနာ၏ပေါင်တဘက်ကို ကွေးတင်လိုက် ပြီး စောစောက ဆွဲဆက်၍မရသော သွေးကြောစနှစ်ခုကို ပြန် ဆွဲကပ်ကြည့်ရာ ရှောရှောရှူရှူ ထိဆက်၍ရသွားသဖြင့် သူတို့ ဝမ်းသာသွားကြသည်။

"ဘုရား မတာပဲ"ဟု စီနီယာက ပြောလိုက်သည်။ ထို့နောက် သူတို့သည် ပေါင်ရင်းသွေးလွှတ်ကြောမကြီးကို အရင် ချုပ်ပြီး ဆက်လိုက်ကြသည်။ သူက ပေါင်ရင်းသွေးကြောမကြီး၏ အရင်းနှင့်အဖျားစကို ထိဆက်ပေးထား၏။ စီနီယာက ထိုအစနှစ် ခုကို ချုပ်တွယ်လိုက်၏။ ရေပိုက်တချောင်းကို ချုပ်ဆက်သကဲ့သို့ တချက်ပြီးတချက် သူတို့ ချုပ်တွယ်လိုက်ကြသည်။ ထို့နောက် သွေးမထွက်အောင် ထိန်းထားသော ညှပ်များကို ဖယ်ရှားလိုက် ရာ သွေးသည် ခြေဖျားထိ ကောင်းမွန်စွာ စီးဆင်းလျက်ရှိကြောင်း အရောင်တက်လာသော ခြေချောင်းများကို မြင်လိုက်ရုံဖြင့် သူ တို့သိလိုက်ကြသည်။ သူနှင့် သူ့စီနီယာတို့ အကြည့်ခြင်းဆုံကာ ခေါင်းတချက် ဆတ်ပြလိုက်မိကြ၏။

"မဆိုးဘူး"

စီနီယာက ခပ်တိုတိုတခွန်းပြောလိုက်သည်။ ထို့နောက် ပေါက်ပြဲနေသော ပေါင်ရင်းသွေးပြန်ကြောကိုလည်း အထက်ပါ အတိုင်းပင် ခပ်မြန်မြန် ဆက်လိုက်ကြပြန်၏။ ထို့နောက် ထိန်း ညှပ်ထားသော ညှပ်များကို တဖန် ပြန်ဖယ်ကြည့်လိုက်ပြန်ရာ သွေးများ ကောင်းမွန်စွာ အယိုအစိမ့်မရှိဘဲ စီးဆင်းနေသည်ကို တွေ့လိုက်ရာ ထခုန်မိမတတ် ဝမ်းသာသွားကြသည်။

"သူ့ကိုတော့ ဆေးရုံဆင်းတဲ့အထိ ပေါင်ကွေးကြီးနဲ့ နေ ခိုင်းထားဦး၊ ယောင်လို့တောင် မဆန့်မိစေနဲ့" စီနီယာက ပြော လိုက်ရာ သူတို့အားလုံး အမောပြေ ရယ်မောလိုက်မိကြသည်။

လူ့အသက်တချောင်းကို ကယ်တင်ကုသပေးခြင်း၏ ပြစ်ဒဏ်ဟူသည်မှာ အဘယ်နည်း။ လူ့အသက်တချောင်းကို ကယ်တင်ကုသပေးခြင်း၏ ဆုလာဘ်မှာ အဆိုပါ ပျော်ရွှင်မှုမျိုး ပင် ဖြစ်ပါသည်။ လူ့အသက်ကယ်ခြင်းကို ပြစ်မှုတခုကဲ့သို့ စွပ်စွဲ ဖမ်းဆီးနှိပ်စက်နေသည့် ယခုလိုကာလမျိုး၌ ပုန်းလျှိုးကွယ်လျှိုး ခွဲစိတ်ကုသရင်း အသက်တချောင်းနှင့် ခြေထောက်တချောင်းကို ပါ ကယ်တင်နိုင်လိုက်ခြင်းမှာလည်း ကြီးစွာသော ဆုလာဒ်တခု ပင် ဖြစ်ပေတော့၏။

စကယ်ပယ်

# ဘက်ဆေးကဏ္ဍ




## ရဲဘော်ရဲဘက်

"သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း၊
အချင်းချင်းတွင်၊ အခင်းကြီးငယ်
ရှိခါဝယ်လည်း၊ မဖယ်မသွေ
ညီညာကုန်း၍၊ ရုန်းကြလေ။"

အင်းဝခေတ်စာဆိုကျော် ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာ ဆုံးမစာမှ ဖြစ်သည်။ ခန်းမအတွင်း ခုံများအစီအရီ၊ ရှေ့နောက်၊ ဘေးတိုက်၊ အစွန်းနှစ်ဘက်ပါမကျန် တပြေးတည်း၊ တညီတည်း။ စာရေးခုံများအပေါ်တွင် ဦးထုပ်များ တညီတညာတည်းချထားသည်။ ခါးစွင့်ရင်ဖွင့် မတ်တပ်ရပ်လျက် လက်ဖဝါးနှစ်ဘက်ကို ပေါင်နှင့်တတန်းတည်း ပြားနေအောင် ကပ်ထားသော သင်တန်းသားရဲဘော်များ၏ ရင်ခေါင်းတွင်းမှ ထွက်အံ့ကျလာသည့် ကဗျာစာသား အသံသည် တောင်နံရံကို ဟိန်းလျက် ထွက်ပေါ်လာသည်။ တိုတိုနှင့်လိုရင်း အဓိပ္ပါယ်ဖွင့်ရပါက ရဲဘော်ရဲဘက်တည်းဟူသော အနက်ဆောင်ပေလိမ့်မည်။ မည်သည့် အရေးအရာကိစ္စမျိုးကိုမဆို အတူတကွ ဆောင်ရွက်မည်။ လက်တွဲမဖြုတ်ကြစတမ်း၊ နောက်လှည့် ကျောမခိုင်းကြစတမ်း၊ တဦးကိုတဦး အမြဲ ငဲ့ညှာထောက်ထားခြင်း ရှိရမည်။ ဖေးမကူညီရမည်။ စာနာနားလည်ရမည်။ အားပေးထောက်ခံရမည်။ အချင်းချင်း မည်မျှပင် အဆင်မပြေဖြစ်နေ စေကာမူ၊ အမှုအခင်းကြီးငယ် ရှိနေစေကာမူ ကြီးစွာသော ခွင့်လွှတ်နားလည်ခြင်းရှိလျက် တညီတညွတ်တည်း စုစည်းအားနှင့် ရုန်းကန်လှုပ်ရှားပြီး ပန်းတိုင်ရောက်သည်အထိ လျှောက်လှမ်းကြရမည် ဖြစ်သည်။

တော်လှန်ရေးအတွင်း အချင်းချင်းကြား၊ အစုအဖွဲ့များအကြား မည်မျှအတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်နိုင်မှု ရှိမရှိက အင်မတန် အရေးပါလှသည်။ ရဲဘော်ရဲဘက်စိတ် အပြည့်၊ စည်းနှောင်မှု အားကောင်းကောင်းနှင့် အလုပ်လုပ်နိုင်လေ ရန်သူ့အရှိုက်ကို အလဲထိုးပြီး အနိုင်ယူနိုင်ရန် ပိုနီးစပ်လေ၊ ပန်းတိုင်ကို အရောက်မြန်လေ ဖြစ်သည်။

အခြေခံစစ်သင်တန်းတိုင်းတွင် အဓိကထားသင်ကြားသည်မှာ အမိန့်နာခံမှုအားကောင်းစေရန်နှင့် အစုအဖွဲ့လိုက် ဆောင်ရွက်မှု အားကောင်းစေရန်ပင်ဖြစ်သည်။ ကျနော်တို့ အသားကျခဲ့သည့် လုပ်ငန်းခွင်အသီးသီးတွင် အသင်းအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးခဲ့ဖူးကြသော်လည်း စစ်သင်တန်းအတွင်း ကြုံရသည့် အတွေ့အကြုံများနှင့်မူ အကွာကြီး ကွာခြားလှပေသည်။ ကျနော်ကိုယ်တိုင်ပင်လျှင် အအေးပေးစက်များ တပ်ဆင်ထားသည့် အထပ်မြင့် အဆောက်အဦး မှန်လုံခန်းတွင် ကော့ပြန့်နေသည့် တီရှပ်လက်ရှည်နှင့် ဘောင်းဘီကို သားနားစွာဝတ်ပြီး နေ့စဉ် သက်သောင့်သက်သာ အလုပ်လုပ်ခဲ့ရသည်။ ထမင်းစားချိန်၊ ကော်ဖီသောက်ချိန် လုပ်ဖော်ကိုင်ဖက်များနှင့် စကားပြောချိန်၊ စာဖတ်ချိန်၊ သီချင်းနားထောင်ချိန် စသဖြင့် ပြည့်ပြည့်စုံစုံရှိလှသည်။ သင်တန်း၌ကား ထိုထိုသော အရာများကို စိတ်ကူးယဉ်ဖူးနိုင်ဖို့ဝေးစွ၊ မိမိကိုယ်စိတ်နှစ်ပါးကိုပင် မိမိရာနှုန်းပြည့်မပိုင်။ မနက်မိုးလင်း အိပ်ရာထ ခရာသံတွတ်ချိန်မှစ၍ ညအိပ်ရာဝင်ချိန်အထိ လှုပ်ရှားမှုမှန်သမျှ ခရာတွတ်သံ၊ အမိန့်သံအောက်တွင် အားလုံးတသားတည်း။ နောက်ကျသည့် ခြေထောက်၊ စောလွန်းသည့်ခြေထောက်မှန်သမျှ သစ္စာဖောက်။ အမိန့်ပေးမှ သွားရသည်။ အမိန့်ပေးမှ စားရသည်။ အမိန့်ပေးမှ နားရသည်။ အမိန့်ပေးမှ အိပ်ရသည်။ မည်သည့်အရာမျှ အမိန့်မပါဘဲ လုပ်ပိုင်ခွင့်မရှိ။ ဤသည်မှာကား အမိန့်နှင့်အတူ ကျင့်သားရပြီး နေထိုင်တတ်စေရန်ဖြစ်သည်။ သို့ရာတွင် မည့်သည့်

ကိစ္စမဆို တကိုယ်ရည်မှလွဲ၍ အခြားသော ကိစ္စကြီးငယ်အဝဝကို နှစ်ယောက်၊ သုံးယောက်၊ တပ်စိတ်၊ တပ်စု၊ တပ်ခွဲ စသဖြင့် အတူတူလုပ်ကိုင် ဆောင်ရွက်ကြရသည်။ သန့်ရှင်းရေးလုပ်ငန်းမှအစ စားဖိုချောင်လုပ်ငန်း ထမင်းစားချိန်၊ ခန်းမဝင်ချိန်မှအစ အတူတကွ သွားလာလုပ်ကိုင်ကြရသည်။ အမိန့်နာခံမှုနှင့် အသင်းအဖွဲ့လိုက် ဆောင်ရွက်မှုကို လေ့ကျင့်ပေးခြင်းပင်ဖြစ်သည်။

စစ်သင်တန်းတိုင်း ခက်ခဲကြမ်းတမ်းမှုကို အခြေခံထားသောကြောင့် စိတ်ရောလူပါ ပင်ပန်းကြသည်မှာလည်း အမှန်ပင်ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ခက်ခဲကြမ်းတမ်းမှုဒဏ်ကို အတူတကွကျော်ဖြတ်ပြီး တအိုးတည်းစား၊ တမိုးအောက် ကြမ်းတခင်းတည်း တပြေးတည်း အိပ်ကြသည်။ နေပူမရှောင်၊ မိုးရွာမရှောင် ပင်ပန်းဆင်းရဲမှုများကြားမှ မြူးမြူးနှံ့မှုသော စိတ်ကျေနပ်စရာ၊ ပျော်ရွှင်မှုများကိုလည်း အတူတကွ မျှဝေခံစားကြသည်။ ထိုကဲ့သို့ အမိန့်နာခံမှုနှင့် အသင်းအဖွဲ့စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်ကို လေ့ကျင့်ပျိုးထောင် မွေးမြူရသည်။ စစ်တပ်တခုတွင် အမိန့်နာခံမှုသည် အရေးကြီးဆုံးဟုဆိုလျှင် တော်လှန်ရေးရဲဘော်များ၊ အဖွဲ့အစည်းများကြားတွင် ရဲဘော်ရဲဘက်စိတ် ထားရှိခြင်းသည် နွေဦးတော်လှန်ရေး၏ အသက်သွေးကြောဟု ဆိုကမှားမည်မထင်ချေ။

တော်လှန်ရေးကြာလာသည်နှင့်အမျှ စိတ်ရောလူပါ နွမ်းလျလာကြသည်။ မိမိကိုယ်ကိုအပြင် အခြားသူများအပေါ် စိတ်အလိုမကျမှုများ တိုးလာကြသည်။ သည်းခံနိုင်စွမ်း ကျဆင်းလာကြသည်။ ခွင့်လွှတ်ပေးနိုင်မှု လျော့နည်းလာကြသည်။ ပေါက်ကွဲလွယ်လာသည်။ မိမိကို တချက်နင်းလျှင် နှစ်ချက်လောက် ဖြတ်ကန်ချင်စိတ်များ တဖွားဖွား။ ထိုအခြေအနေများကြားတွင် တည့်မတ်မှန်ကန်စွာ အလုပ်လုပ်နိုင်စွမ်း ကျိန်းသေပေါက်လျော့ကျလာမည်ဖြစ်သည်။ ထိရောက်အကျိုးရှိသော အလုပ်ပြီးမြောက်မှုများ ပါးလာသည်နှင့်အမျှ မိမိတို့အချင်းချင်း၊ အဖွဲ့အစည်းများ အချင်းချင်းကြားတွင် ပွတ်တိုက်မှုများ ပိုမိုများပြားလာမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ ရဲဘော်ရဲဘက်ဟူသည် ကိုယ့်အမှား၊ သူ့အမှားကိုလည်း အတူမျှဝေတာဝန်ခံ၊ တာဝန်ယူဖြေရှင်းပေးရသည်။ ရံဖန်ရံခါ မိမိအသင်းအဖွဲ့အပေါ်တွင် သက်ရောက်နိုင်သည့် နောက်ဆက်တွဲ အကျိုးဆက်များကို မျှော်လင့်ထားပြီး စူးစမ်းဆင်ခြင် လုပ်ကိုင်ဆောင်ရွက်တတ်ရသည်။ စစ်တပ်၏ စစ်ဆင်ရေးတခုတွင် မိမိတခုအမှားလုပ်သည်နှင့် မိမိတပ်စိတ်၊ တပ်စုမှ တပ်ရင်းအထိ အသက်ပါသွားနိုင်သည်။ ထို့ကြောင့် မည်ကဲ့သို့သော အကြောင်းအချင်းအရာကိစ္စကြီးငယ် ပေါ်ပေါက်နေစေကာမူ ခွင့်လွှတ်သင့်က ခွင့်လွှတ်ပေးဖို့လိုသည်။ ကျေအေးပေးဖို့လိုသည်။ ညှိနှိုင်းအဖြေရှာနိုင်ဖို့လိုသည်။ ရေရှည်အကျိုးကို မျှော်ကိုးဆောင်ရွက်ကြဖို့လို့သည်။ သို့မှသာ လိုရာပန်းတိုင်ကို မှန်ကန်မြန်ဆန်စွာ ချီတက်နိုင်ပေလိမ့်မည်။

ကျနော်တို့အားလုံး လျှောက်လှမ်းနေသည့် တော်လှန်ရေးခရီး၏ အဆုံးသတ်ပန်းတိုင်သည် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်ဟူသမျှ အဆုံးသတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်နိုင်ရေးတည်းဟူသော ဘုံပန်းတိုင်ဖြစ်သည်။ နွေဦးတော်လှန်ရေးခရီးကြမ်း နှစ်နှစ်တာကာလ အတောအတွင်း ကျနော်တို့အားလုံး မတူညီသည့် အခြေအနေများစွာကို ဖြတ်သန်းခဲ့ကြပြီးဖြစ်သည်။ တော်လှန်ရေး၏ အောင်မြင်ရာကို ရှေးရှုလျက် အဘယ်ကြောင့် အတူတူ မချီတက်နိုင်ရမည်နည်း။ တနည်းအားဖြင့် ရှေးရှုရာအရပ်တူလျက် အဘယ်ကြောင့် အတူတကွ အခက်အခဲများကို မကျော်ဖြတ်နိုင်ရမည်နည်း။ ကျနော်တို့အားလုံး လာရာမတူညီကြ၊ သို့သော် လားရာအရပ်မှာ တခုတည်းဖြစ်သည်။ ကျနော်တို့မှာ ကျနော်တို့ပဲရှိသည်။ မည်သူ့ကိုမျှ အားကိုး၍မရစကောင်း။ ကိစ္စကြီးငယ် အဝဝကို ရဲဘော်ရဲဘက်တည်းဟူသော အသိ၊ နွေးထွေးလုံခြုံသော မေတ္တာတရား၊ ကြီးစွာသော ခွင့်လွှတ်နားလည်ခြင်းတို့ဖြင့် ရှေ့ဆက်ကြရဦးမည်။ တွဲလက်တွေ မဖြုတ်တမ်း၊ လှမ်းနေသည့် ခြေလှမ်းများ တလှမ်းချင်း ခိုင်မာစေဖို့ ပန်းတိုင်အရောက် ချီတက်နိုင်ဖို့ အချင်းချင်းကူညီဖေးမကြပါစို့။

" ပြည်သူများအားလုံး မေတ္တာခြံ၍ လုံကြပါစေ၊
ခွင့်လွှတ်ခြင်းဖြင့် ရှေ့ဆက်နိုင်ကြပါစေ၊
နူးညံ့သောနှလုံးသားဖြင့် ဦးဆောင်ခုတ်မောင်းနိုင်ကြပါစေ၊
တော်လှန်ရေး သစ္စာတရားမြဲလျက်
လှပသော အနာဂတ်ပန်းတိုင်ကို အရောက်လှမ်းနိုင်ကြပါစေ။ "

ညိမ်းအေး




## နှစ်ကာလများ၊ နှစ်ကာလာ (Nick Colour) များ

ဂျွန်စတိုင်းဘတ်ရဲ့ East of Eden ကို ဖတ်တုန်းက ဆလိုင်းနက်တောင်ကြားထဲက ဖုန်တွေထနေတဲ့ မြေရိုင်းလွင်ပြင်ကြီးကို ကျနော် ပုံဖော်ကြည့်မိတယ်။ ဆင်မြူရယ်တယောက် ရေတွင်းတူးတဲ့ ကိရိယာတခုခုကို ကိုင်ရင်း ကြမ်းတမ်းတဲ့ဘဝတွေဆီ မျှော်ကြည့်နေပုံ။ နောက်တော့ ကေသီဆိုတဲ့ ကောင်မလေးရဲ့ ဂါဝန်လေးနဲ့ ချိုပလီအပြုံးတွေ။

မှတ်ဉာဏ်တွေကို မရွေးချယ်မိရင် ဘဝက သိပ်နာကျင်စရာကောင်းတယ်ဆိုတာ ကျနော် စောစီးစွာ သိခဲ့ရတယ်။ စိတ်ကူးခတ်ပုံတွေဟာ ပျော်ရွှင်စရာကြီးဆိုရင် ဘဝကို ဘယ်လိုများ ရင်ခုန်ကြမလဲ။

ပင်လည်ဘူးမြို့ကို ဝင်သိမ်းတုန်းက ကျနော်တို့ရဲ့ တပ်စိတ်မှူးနဲ့ တပ်စုမှူး ကျသွားတယ်။ (အဲတုန်းကတော့ အသက်ငွေ့ငွေ့ ရှိသေးတယ်လို့ ယူဆရတဲ့) သူတို့ရဲ့အလောင်းတွေကို မီးသတ်ကုန်းကနေ ကားလမ်းရှိရာကို ကျနော်တို့လေးယောက် သယ်ယူတော့ ကျနော်က လက်ကနေ မရတယ်။ ကျနော့် တပ်စုမှူးရဲ့ နှုတ်ခမ်းတွေ ဖြူနေတာ ရေခဲပွင့်ချပ်လေးတွေလိုပဲ။ မသေပါစေနဲ့ မသေပါစေနဲ့လို့ တွေးရင်း မိုးလိုရွာနေတဲ့ ဖိုဂမမ ဗုံးသီးတွေကြားထဲမှာ ဆုတောင်းနေမိတယ်။ မင်းလည်း မသေပါစေနဲ့ ငါလည်း မသေပါစေနဲ့ပေါ့လေ။

`နောက် လမ်းမကိုရောက်တော့ သေလား မသေလား မသေချာတဲ့ ပျော့ခွေနေတဲ့ ကျနော်တို့ တပ်စုမှူးကို ဆေးဌာနဆီ ပို့စရာ ကားမရှိဘူး။ တခုခု ရှိလိုငြား အိမ်ပျက်တခုထဲကို ကျနော်ဝင်ရှာတော့ ကျနော့်အဖေတို့ခေတ်က စီးတဲ့ မောင်မြန်မာစက်ဘီးတစီး တွေ့တယ်။ကျနော် အဲဒီစက်ဘီးကို ထုတ်လာခဲ့ပြီး လူနာတွေကို တင်ဖို့ကြိုးစားတယ်။၂၁ ရာစု စစ်ပွဲကြီးထဲမှာ ကိုယ့်ရဲဘော်ရဲ့အလောင်းကို မောင်မြန်မာ စက်ဘီးနဲ့ သယ်သွားတာကို ကျနော် ငေးကြည့်နေမိတယ်။ တိုက်ပွဲထဲမှာ ကျနော်တို့ မငိုကြဘူး။ စိုးရိမ်စိတ်နဲ့ အသက်ရှင်လိုစိတ်ပဲ ရှိကြတယ်။

နောက်တော့ တိုက်ပွဲတွေမရှိသေးတဲ့ အေးဆေးရှိနေတဲ့ ဆောင်းညတညမှာ ယုဟွာရဲ့ဝတ္ထုကို မှီငြမ်း ရိုက်ကူးထားတဲ့ To Live ရုပ်ရှင်ကိုကြည့်မိတော့ ကျနော် မျက်ရည်ဝဲမိတယ်။ To Live ထဲမှာ ဖူကွေးက လုံအာဆိုတဲ့တယောက်နဲ့ လောင်းကစားလုပ်ပြီး သူ့ရှိသမျှ စည်းစိမ်တွေ အပ်လိုက်ရတယ်။ ဖူကွေး ဘဝပျက်တာပေါ့လေ။ အချိန်ကာလက ယဉ်ကျေးမှုတော်လှန်ရေးကာလဆိုတော့ ဖူကွေး ဘဝပျက်ပြီး မကြာဘူး လုံအာကို တပ်နီတော်တွေက အရင်းရှင် လို့စွပ်စွဲပြီး ပြည်သူ့ခုံရုံးတင်ကြတယ်။ သူက ဖူကွေးဆီက လောင်းကြေးနဲ့ရထားတဲ့ အိမ်နဲ့ခြံရှိတာကိုး။ လုံအာကို ပြည်သူ့ခုံရုံးတင်တဲ့နေ့က ဖူကွေးက စစ်ပွဲကနေပြန်လာတဲ့နေ့။ လူအများအလယ်မှာ ဖောက်ပြန်ရေးသမားလို့ စာချိတ်ခံထားရတဲ့ လုံအာကိုကြည့်ပြီး ဖူကွေးတယောက် အံ့ဩတုန်လှုပ်သွားခဲ့တယ်။ သူသာ လောင်းကစားမရှုံးရင် လုံအာနေရာမှာ သူဖြစ်နေရမှာလို့တွေးမိတော့ ခါတ်တိုင်ကို ဖက်ငိုရင်း သေးတွေထွက်လို့။ ဖူကွေးက အိမ်ကို အမြန်ပြန်ပြေးပြီး သူ့မိန်းမကိုမေးတယ်။ မိန်းမရေ ငါတို့က ဘာလူတန်းစားလဲတဲ့။ သူ့မိန်းမက ခဏ စဉ်းစားပြီး မြေရှင်တွေလားလို့ ပြန်မေးတယ်။ မြေရှင်က ငါတို့မဟုတ်တော့ဘူးလေ လုံအာ ဖြစ်သွားပြီ။ အဲတော့ သူ့မိန်းမက အလုပ်သမားလူတန်းစား လူဆင်းရဲတွေပေါ့လို့ ဖြေတော့မှ ဖူကွေး ဝမ်းသာရတယ်။ ဆင်းရဲသားဖြစ်ရတာ ကောင်းလိုက်တာ နော် တဲ့။

ကျနော် ငိုမိတာက လုံအာကို သေနတ်နဲ့ ငါးချက်ပစ်လိုက်တဲ့အချိန် ဖူကွေးတယောက် ခါတ်တိုင်ကို ငိုပြီး သေးတွေထွက်ကျနေတဲ့အခန်းကြောင့်။ ဘာ့ကြောင့်မှန်းမသိဘူး။ မျက်ရည်ကျမိတယ်။ လူဟာ အသက်ရှင်လိုစိတ်နဲ့ ဘဝကို ရုန်းကန်ရတယ်ဆိုတာ ကျနော်သိတယ်။ နောက်တော့ အဲဒီ

ရုန်းကန်ရတဲ့ အချိန်တွေ အလဟဿ ဖြစ်မသွားစေဖို့ဆိုတဲ့ နောက်ဆက်တွဲ တွန်းအား။

ခေတ်ကြီးတခုလုံး ပျက်စီးနေတော့ လူဟာ အချိန်ပြည့် နာကျင်နေတယ်။ လေပူပေါင်းလေးလိုပဲ။ အပ်ဖျားလေးနဲ့ပဲ ထိထိ မြက်ပင်လေးနဲ့ပဲ ရှရှ ပေါက်ထွက်သွားဖို့ အမြဲအဆင့်သင့်ပဲ။ ဒါပေမဲ့ သမိုင်းဖြစ်ရပ်တွေထဲမှာ ခွေးသွားစိတ်ကလေး ဖြစ်နေရတာကို ကျနော်တို့တွေ ဂုဏ်ယူကြတယ်။ ကိုယ့်ဘေးမှာ အတူအိပ်နေတဲ့လူတွေ တစထက်တစ ပျောက်ကွယ်သွားကြပြီ။ အဲဒီလူတွေရဲ့ ယူနီဖောင်းတွေ သေနတ်တွေ ကျနော်တို့လက်တွေထဲ ရောက်လာ၊ နောက်လူတွေရဲ့ လက်တွေထဲကို ရောက်သွားတယ်။ မှတ်မိသေးတယ်။ ကျနော်လွယ်တဲ့ သေနတ်ရဲ့ကြိုးက ကြေးအထပ်ထပ်နဲ့ ညစ်ပတ်ပေရေနေတာ။ ချွေးနည်းနည်းစိုတာနဲ့ ချွဲကျိလာတတ်တယ်။ ကျနော် အဲဒီသေနတ်ကြိုးကို မလျှော်ဖွတ်ဘူး။ ဒီကြိုးပေါ်မှာ ပေနေတဲ့ အညစ်အကြေးတွေကို မြင်တိုင်း ဟောဒီသေနတ်ဟာ ကျနော့်ဆီရောက်ဖို့ လူဘယ်နှယောက်ကို ဖြတ်သန်းခဲ့တာပါလိမ့်လို့ အမြဲတွေးမိတယ်။ ငယ်ငယ်ချောချော လူအေးလေးလား။ ဘုရားဖြစ်မယ့် အုတ်နီခဲလေးလား။ အမေ့ကို လမ်းထိပ်မှာ ဈေးသွားဝယ်ဦးမယ်လို့ပြောပြီး ထွက်လာတဲ့တယောက်လား။ Food Panda စက်ဘီးကိုရောင်းပြီး လမ်းစရိတ်လုပ်လာတဲ့ ဘဲတဗွေလား။ ကိုယ့်အိမ်က စပါးတွေ မီးရှို့ခံရလို့ ဝင်လာတဲ့ လူရိုးလေးလား။ ဒါတွေကို တွန်းအားလို့ တွေးပြီး ကျနော် ဆက်လက်ရုန်းကန်တယ်။ ကျနော်ဟာ ကျနော့်ရဲဘော်ရဲ့ ပုခုံးပေါ် တက်နင်းထားပြီး ကျနော့်ပုခုံးပေါ်ကရဲဘော်ရဲ့ ခြေထောက်တစုံကို ထိန်းပေးနေတဲ့လူပဲ ဆိုတာ ကျနော်သိတယ်။

သမိုင်းမှာ ကိုယ်တိုင်ပါဝင်ပတ်သက်မှ သမိုင်းရဲ့ဖြစ်စဉ်ကို နားလည်မယ်လို့ ကျနော်က ယုံကြည်တယ်။ လှပတဲ့ အကွက်စိပ်စိပ်ကလေးတွေ။ ဒါမှမဟုတ် ရက်စက်တဲ့ နောက်ခံတီးလုံးတွေ။ ရန်သူကို အားပေးနေတဲ့ လက်ခုပ်သံတွေနဲ့ ကျနော်တို့ကို ကျားကန်ထားတဲ့ ပြည်သူတွေ။ ဒါတွေကို သမိုင်းဖြစ်ရပ်ထဲကနေကြည့်မှ ရှင်းရှင်းလင်းလင်း ကျနော် မြင်နိုင်တယ်။ ဘဝဆိုတာ ရက်စက်တဲ့အချိန်တွေနဲ့ ဖွဲ့စည်းထားတဲ့ နာရီတလုံးပဲ။ အရသာခံပြီး တဆစ်ဆစ် နာကျင် မှ ဘဝကိုရမယ်။ မဟုတ်ရင် လူဟာ လူ့အဖြစ်ကနေ လျှောကျ နိမ့်ပါးသွားလိမ့်မယ်။

ရက်စက်မှုတွေ၊ အပြုံးအရယ်နည်းတဲ့နေ့တွေ၊ ဘဝနဲ့ရင်းပြီး မြှောက်ခဲ့တဲ့ လေထဲက အရက်ခွက်တွေ၊ အရည်လဲ့နေတဲ့ မျက်ဝန်းတွေ၊ အတူတူရှိမှ လုံခြုံတဲ့ ဆောင်းညတွေ၊ ဂရုဏာအမျက်ဒေါသတွေနဲ့ ဆွဲထုလိုက်တဲ့ လက်ဖဝါးတွေ သွေးသံရဲရဲတွေ။

ဒီမှတ်ဉာဏ်တွေဟာ ဘဝပဲ။ ဒါတွေကို ဖယ်ထုတ်လိုက်ရင် ကျနော်တို့ဘဝမှာ အမေက ရပ်နိုင်ပေ့ ရပ်နိုင်ပေ့ဆိုတာနဲ့ ဘဝထဲကို ဆိုးရှုံးမှု နည်းနည်းလေးနဲ့ စမ်းတဝါးဝါး လျှောက်ခဲ့တာတွေပဲ ကျန်လိမ့်မယ်။ ဒီမှတ်ဉာဏ်တွေဟာ အငွေ့၊ အရည်ကနေ အစိုင်အခဲတွေ ဖြစ်သွား မယ်။ အချွန်အတက်တွေ ဖြစ်သွားမယ်။ ငေါငေါကြီး ထိုးထွက်နေတာ ဒါမှမဟုတ်လည်း အတ္တတွေအဖြစ် ကျောကုန်းမှာ ဘိုကြီးတခုလို ဖြစ်လာလိမ့်မယ်။ ဒါမှမဟုတ် နှလုံးသားပတ်ပတ်လည်မှာ အရည်တွေအဖြစ် ရစ်ဝိုင်းလာတာမျိုးပေါ့။ ကျနော်တို့ဟာ နေပူထဲမှာ ရပ်နေရတဲ့လူတွေဆိုရင် ဒီအရာတွေဟာ ကျနော်တို့ရဲ့ အရိပ်တွေပဲ။ ဒီအရိပ် ဟာ အမြဲကပ်ပါနေလိမ့်မယ်။ တခါတလေ ပိုကြီးမားလာတာ ဒါမှမဟုတ် ကိုယ့်ကို ရန်မူလာတာတွေ ဖြစ်လာလိမ့်မယ်။ နောက်တော့ ကိုယ့်ထက် ပိုကြီးမားလာတာမျိုးအထိ ဖြစ်လာတတ်ပြီး ကျနော်တို့ကိုယ်ကျနော်တို့ မမှတ်မိတော့တာမျိုးအထိ ဖုံးလွှမ်းသွားနိုင်တယ်။

ဒါပေမယ့် ဟော့ဒီ မသတီစရာ လောကထဲမှာ ကျနော်တို့ ဘာများလုပ်နိုင်လို့လဲ။ ခေတ်ဟောင်းသီချင်းလေးဖွင့် ကော်ဖီလေးသောက်ပြီး ဇိမ်ယူရတာလောက်ကလွဲရင် ဒီဘက်နှစ်ကာလတွေမှာ ကျနော်တို့ ဘာမှ မလုပ်နိုင်ကြပါဘူး။ ဘာလို့လဲဆိုတော့ ကျနော်တို့ကို အမည်မသိတဲ့ အရာတခုခုက ခေါ်ဆောင်သွားနေလို့ပဲ။ ကျနော်တို့ရဲ့ ခါးသီးတဲ့ဘဝရဲ့ အရသာကို ကျနော်တို့ တပ်မက်စွာ စားသုံးနေမိလို့ပဲ။ ဘဝရဲ့ ဖြစ်တည်မှုဆိုတာ အချိန်ကို ဘာတွေနဲ့ ဘယ်လိုအရာတွေနဲ့ ဖြတ်သန်းတည်ဆောက်ခဲ့လဲ ဆိုတာလို့ပဲ ကျနော် နားလည်တယ်။ အဲသလောက်ဆို လုံလောက်ပြီ။ တကယ့်လက်ရှိဘဝမှာ အသက်ရှင်လိုစိတ်ကလွဲပြီး ကျနော်တို့မှာ ဘာမှ ထပ်ရှိလာမှာ မဟုတ်ဘူး။

လူရောင်လွှင်

# ဆောင်းပါးကဏ္ဍ




## CoC နှစ်ရပ်က ဘာတွေလဲ၊ ဘာ့ကြောင့်လိုက်နာသင့်သလဲ

### အဆင့်ဆင့်ကွပ်ကဲမှုစနစ် (Chain of Command)

လက်နက်ကိုင်တပ်များတွင် အဆင့်ဆင့်ကွပ်ကဲမှုစနစ် (Chain of Command) သည် ထောင်စုနှစ်နှင့်ချီ အချိန်ကြာမြင့်စွာ တည်ရှိလာသော စနစ် (ဝါ) concept တစ်ခု ဖြစ်သည်မှာ သံသယဝင်စရာ မရှိပါ။ ရောမခေတ်မှစကာ ယနေ့အချိန်အထိ အဆင့်ဆင့်ကွပ်ကဲမှုစနစ်သည် အာဏာပိုင်များနှင့် အမြင့်ဆုံး တပ်ခေါင်းဆောင်မှ ရှေ့တန်းစစ်သည်အထိ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ကို အသီးသီး တရားဝင် သတ်မှတ်ပေးခဲ့သည်။ ထိုကဲ့သို့ စနစ်တကျ သတ်မှတ်မှုသည် တိုက်ပွဲဝင် တပ်များ များပြားကျယ်ပြန့်စွာ ရှိသော်လည်း အမိန့်ပေးခြင်းနှင့် အမိန့်ခံယူလိုက်နာခြင်း တို့တွင် ရှင်းလင်းတိကျမှု ရှိစေသည်။ လူ့အဖွဲ့အစည်း တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ အဆင့်ဆင့်ကွပ်ကဲမှုစနစ်သည် အရပ်ဘက် အဖွဲ့အစည်းများ၏ ဗျူရိုကရေစီတွင်လည်း စံပြစနစ်တစ်ခု အဖြစ် ပါဝင်လာသည်ကို တွေ့ရသည်။

စနစ်ကျသော ဖွဲ့စည်းပုံနှင့် စည်းမျဉ်းများရှိခြင်းသည် အထူးသဖြင့် တော်လှန်ရေးတပ်ကဲ့သို့ လက်နက်ကိုင်ဖြစ်ပြီး အရေးပါသော အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းစွမ်းဆောင်ရည်များ၊ မြေပြင်စစ်ဆင်ရေး၏ ထိရောက်မှုများကို မြှင့်တင်ပေးသည်။ စစ်ဘက်ဆိုင်ရာဌာနခွဲ၊ တပ်ရင်းတပ်မခွဲ တစ်ခုစီအတွင်း ဖွဲ့စည်းပုံတွင် ရှင်းလင်းသော အထက်အောက်ကွပ်ကဲရေး အဆင့်များ သို့မဟုတ် တပ်ဖွဲ့ဝင် တစ်ဦးချင်းစီ၏ အဆင့်လိုက်သတ်မှတ်ထားသော စနစ်များ ပါဝင်ပါသည်။ မြင်သာမှုအရှိဆုံး ဥပမာကို ပြရသော် တာဝန်ကျ ကွန်မစ်ရှင်အရာရှိ (commissioned officer) တစ်ဦးသည် အောက်ခြေတပ်ဖွဲ့ဝင်/ဗိုလ်လောင်း (private/cadet) ထက် ရာထူးပိုမြင့်သည်။ တပ်ရင်းတပ်မခွဲ တစ်ခုစီအတွင်း မဟုတ်ဘဲ တပ်တစ်ရပ်လုံးကို ယေဘုယျလွှမ်းခြုံပြီး အဆင့်သတ်မှတ်မှုလည်း ရှိပါသည်။ ဥပမာအားဖြင့် စစ်တပ်ပြန်တမ်းဝင်အဆင့်များတွင် မြေပြင်စစ်ဆင်ရေးတွင် ကိုယ်တိုင်မတိုက်ခိုက်ရသော အရာခံဗိုလ်များသည် ရှေ့တန်းရှိ တပ်ကြပ်ကြီးများထက် ရာထူးပိုမြင့်မည်ဖြစ်သည်။ လက်နက်ကိုင်တပ်တွင် ဤအထက်အောက်ကွပ်ကဲရေး အဆင့်များကို အဆင့်ဆင့်ကွပ်ကဲမှုစနစ် (Chain of Command) ဟုခေါ်သည်။

အဆင့်ဆင့်ကွပ်ကဲမှုသည် စစ်တပ်ယူနစ်တစ်ခုအတွင်းနှင့် မတူညီသော ယူနစ်များခွဲကြားတွင် အဆင့်ဆင့်အမိန့်ပေးသည့် အခွင့်အာဏာနှင့် တာဝန်ဖြစ်သည်။ အဆိုပါ အမိန့်များကို အထက်ပိုင်း စစ်မှုထမ်းများမှ အောက်ခြေ စစ်မှုထမ်းများအထိ ကွပ်ကဲမှုများကို အဆင့်ဆင့် လက်ဆင့်ကမ်းရာ မြေပြင်တွင် အကောင်အထည်ဖော်သူများမှ လက်ခံရရှိသည့်အချိန်အထိ ဖြစ်သည်။ အလားတူပင် အောက်ခြေတပ်ဖွဲ့ဝင်များ၏ လိုအပ်များအရ တောင်းဆိုချက်များရှိလျှင် အဆိုပါတောင်းဆိုမှုနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချပိုင်ခွင့်ရှိသူ အထက်အရာရှိတစ်ဦးထံ ရောက်ရှိသည်အထိ အထက်သို့ အဆင့်ဆင့် တက်သွားသည်။

အထက်အောက်ကွပ်ကဲရေး ဖွဲ့စည်းပုံတွင် တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ နေရာချထားမှုသည် သူ သို့မဟုတ် သူမ၏ အခွင့်အာဏာအဆင့်ကို သတ်မှတ်သည်။ လက်နက်ကိုင်တပ်တစ်တပ်၏ စံတန်ဖိုးများထဲမှ တစ်ခုမှာ ဤဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံက ပေးထားသော အခွင့်အာဏာကို လေးစားလိုက်နာခြင်းဖြစ်သည်။ လက်နက်ကိုင်တပ်တွင် အထက်အမိန့်ကို မေးခွန်းထုတ်ခြင်းသည် မကောင်းသော အလေ့အထဟုယူဆသည်။

အထက်အောက်ဆက်ဆံရေးအတွင်း အမိန့်နာခံမှုသည် အလွန်အရေးကြီး သကဲ့သို့ အခွင့်အာဏာရ အရာရှိများက တာဝန်ခံပြီး မှန်ကန်သော ဆုံးဖြတ်ချက်များချရန် တပ်ဖွဲ့ဝင်များသည် ယုံကြည်စွာ မျှော်လင့်ကြပြီး တိုက်ပွဲဖြစ်ချိန်များတွင် မှားယွင်းသော ဆုံးဖြတ်ချက်များသည် တပ်ဖွဲ့ဝင်များကို မလိုအပ်ဘဲ အသက်စတေးမိစေသော ဆုံးဖြတ်ချက်များ ဖြစ်

နိုင်သည်။ တပ်ဖွဲ့ဝင် အများအပြားသည် တိုက်ရိုက်ဆန်ပြီး ရှုပ်ထွေးမှုမရှိသည့် အမိန့်ပေးမှုကို ပိုမိုတန်ဖိုးထား လိုက်နာလိုကြသည်။ ထို့အပြင် ခေါင်းဆောင် အရာရှိသည် တပ်တွင်း အမိန့်ပိုင်းဆိုင်ရာများ၊ စံတန်ဖိုးများ၊ မြေပြင်နည်းဗျူဟာများနှင့် ပတ်သက်ပြီး အပြောင်းအလဲ တစုံတရာပြုလုပ်လျှင် အဆိုပါ အရာရှိသည် အပြောင်းအလဲအတွက် တိုက်ရိုက်တာဝန်ခံနိုင်မည်ဆိုပါက တပ်ဖွဲ့ဝင်များသည် အဆိုပါ အပြောင်းအလဲများကို လက်သင့်ခံ လိုက်နာလေ့ရှိသည်။ အရာရှိသည် တိုက်ရိုက်မဆန်သော၊ ရှုပ်ထွေးဝေဝါးစေသော အမိန့်ပေးခြင်းများ၊ မသေချာမရေရာသော ခေါင်းဆောင်မှုပုံစံဖြင့် စီမံခန့်ခွဲမှုများ ပြုလုပ်လျှင် တပ်ဖွဲ့ဝင်များအနေဖြင့် ပြဿနာများကို ချဉ်းကပ်ရာနှင့် အမိန့်ကို အကောင်အထည်ဖော်ရာတွင် တုံ့ဆိုင်းခြင်း သို့မဟုတ် ကြောက်ရွံ့ခြင်းတို့ ဖြစ်ပေါ်စေပြီး တပ်၏ စွမ်းဆောင်ရည်ကို များစွာ ထိခိုက်နိုင်သည်။

## စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းများ (Code of Conduct)

စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းများဆိုသည်မှာ စစ်ကို အဘယ်ကြောင့် တိုက်ရသနည်း ဆိုသည်ထက် စစ်ကို မည်သို့တိုက်ရမည်နည်း ဆိုသည့် မေးခွန်းတစ်ခုဖြစ်သည်။

မတရားသည့် အုပ်ချုပ်မှုကို မြေလှန်ပစ်မည့် တော်လှန်စစ်သည် ပင်ကိုအားဖြင့် တရားသောစစ်ဟု ယူဆရသည်။ သို့သော်လည်း စစ်တိုက်ဖို့ရန် သက်သက်အတွက် စစ်တိုက်လျှင် တရားသောစစ်မှ မတရားသော စစ်အဖြစ် အသွင်ပြောင်းသွားနိုင်သည်။ တော်လှန်စစ်သည် မတရားသောစစ်အဖြစ် အသွင်ပြောင်းသွားမည်ကို အမှန်တရားနှင့် တရားမျှတမှု လိုလားသူ မည်သူမှ မဖြစ်စေချင်ပါ။

စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းများကို သတ်မှတ်ရန် အခြေခံအားဖြင့် အလေးအနက် ထည့်သွင်းစဉ်းစားရမည့် မေးခွန်းများမှာ -

မိမိ၏ ရန်သူအစစ်အမှန်သည် မည်သူနည်း။ တနည်းအားဖြင့် ဆိုရသော် လူ့ကျင့်ဝတ်အရ မည်ကဲ့သို့သော ပစ်မှတ်အမျိုးအစားများသည် စစ်ရေးပစ်မှတ် ဖြစ်သင့်သနည်း။

အင်အားမည်မျှနှင့် မည်သည့်လက်နက် သုံးခြင်းသည် ကျင့်ဝတ်ညီပြီး တရားသနည်း။

အချို့သော လက်နက်အမျိုးအစားကို အသုံးပြုကာ တိုက်ခိုက်ခြင်းသည် အမြဲမှားယွင်းပါသလား။

စစ်နယ်မြေအတွင်းရှိ အရပ်သားများနှင့် မည်ကဲ့သို့သော ဆက်ဆံရေးမျိုး တည်ဆောက်သင့်သနည်း။

စစ်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များကို သိရှိလိုက်နာရန် လိုအပ်ပါသလား။

## ပစ်မှတ်အမျိုးအစား

ရပ်တည်ချက်မတူရုံ၊ မိမိ၏ အယူအဆကို ထုတ်ဖော်ပြောဆိုရုံဖြင့် လက်နက်အားကိုးကာ မတရား ဖမ်းဆီး သတ်ဖြတ်နေသော အုပ်ချုပ်မှုစနစ်ကို ရွံရှာသဖြင့် တွန်းလှန်နေသော တော်လှန်ရေး လက်နက် ကိုင်တပ် တစ်တပ်အနေဖြင့် ဘက်မတူသော်လည်း ရန်သူက တာဝန်ခန့်အပ်ထားခြင်း မရှိသည့် လက်နက်မဲ့ အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် ကျင့်ဝတ်နှင့် ညီပါသလား။

## အင်အားနှင့် လက်နက်

ရန်သူတပ်ကို တိုက်ခိုက်ရန် "အချိုးကျသော" သို့မဟုတ် "သင့်လျော်သော" အင်အားအသုံး ပြုရမည် ဟူ၍ သတ်သတ်မှတ်မှတ် ရှိရန်မလိုပါ။ တိုက်ပွဲတွင် ရန်သူ၏ အင်အားကို ခန့်မှန်းချက်သာ သိနိုင်သလို တပ်ကူရရှိမှု အခြေအနေကိုလည်း မသိနိုင်၍ လည်းကောင်း၊ မိမိတို့ စစ်ရေးတာဝန် ပြီးမြောက်အောင်မြင်စေရန်လည်းကောင်း အင်အားကို လိုသလို အသုံးချခြင်းသည် မှားယွင်းသော လုပ်ရပ်မဟုတ်ပါ။

သို့သော် ရန်သူတပ်ကို ချေမှုန်းရာတွင် အသုံးပြုသည့် လက်နက်များနှင့် ပတ်သက်ပြီး မေးခွန်းထုတ်စရာ ရှိလာပြီဖြစ်သည်။ အကြောင်းကြောင်းကြောင့် ဓါးများသာကိုင်ထားနိုင်သည့် ရန်သူတပ်ကို ၅၀ ကယ်လီဘာ စက်သေနတ်များဖြင့် တရစပ်ပစ်ခတ်တိုက်ခိုက်ခြင်း သို့မဟုတ် Flamethrower များဖြင့် မီးလောင်တိုက်သွင်းခြင်းသည် သိက္ခာမဲ့သည့် လုပ်ရပ် ဖြစ်ပေလိမ့်မည်။ လက်နက်ချင်းမမျှသဖြင့် ဒူးထောက်အညံ့ခံသော ရန်သူကို သတ်ဖြတ်သည့် လုပ်ရပ်သည် ပိုမိုယုတ်ညံ့ပြီး လူမဆန်သည့် လုပ်ရပ်ဖြစ်ပေသည်။ ရန်သူတပ်သည် လက်နက်ချရန် ရွေးချယ်မှု ရှိသော်လည်း လက်နက်မချဘဲ တိုက်ခိုက်လာသဖြင့် တုန့်ပြန်တိုက်ခိုက်ရမှုသည် တစ်ကဏ္ဍဖြစ်သည်။

## မည်သည့်အကြောင်းကြောင့်မဆို အသုံးမပြုသင့်သည့် လက်နက်များ

အသုံးမပြုသင့်သည့် လက်နက်များ ဆိုရာဝယ် စစ်လက်နက်များအပြင် ရာဇဝတ်ကျူးလွန်မှုများကို စစ်ရေးနည်းလမ်းအဖြစ် အသုံးချခြင်းတို့ ပါဝင်သည်။

ယေဘုယျအားဖြင့် ဓာတုလက်နက်များ၊ ဇီဝလက်နက်များသည် လူမဆန်သည့် လက်နက်များအဖြစ် သတ်မှတ်ပြီး နိုင်ငံတကာတွင် တားမြစ်ထားကြသည်။ ထိုလက်နက်များကို စစ်ပွဲတွင် အသုံးပြုခြင်းကို စစ်ရာဇဝတ်အဖြစ် သတ်မှတ်ထားကြသည်။ မြေမြှုပ်မိုင်းများသည်လည်း အသုံးချမှုမှားယွင်းလျှင် အပြစ်မဲ့ အရပ်သားများကို မရည်ရွယ်ဘဲ ထိခိုက်စေနိုင်သဖြင့် အသုံးမပြုသင့်ဟု ယူဆမှုများလည်း ရှိသည်။

ပင်ကိုယ်အားဖြင့် ယုတ်မာရက်စက်သော ရာဇဝတ်မှုများဖြစ်သည့် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ မုဒိမ်းမှုကျူးလွန်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း စသည့် လူမဆန်သော လုပ်ရပ်များကို ရန်သူတပ်အား လက်ခံထားပြီး ရိက္ခာနှင့် နေရာထိုင်ခင်းပေးသော အရပ်သားပြည်သူများအပေါ် စစ်ရေးနည်းလမ်းအဖြစ် အသုံးချ ကျူးလွန်ခြင်းများသည် မတရားမှုကို တော်လှန်နေသည်ဟု ဆိုသော တပ်တစ်တပ်အတွက် ရှုံ့ရှာစက်ဆုပ်ဖွယ်ကောင်းသည့် လုပ်ရပ်များ ဖြစ်သလို တော်လှန်ရေး၏ ပုံရိပ်ကို ကျဆင်းစေသည်။ ရန်သူတပ်များ ကြောက်ရွံ့သွားစေရန် ရည်ရွယ်ပြီး တိုက်ပွဲရှုံးသွားသည့် ရန်သူများကို သက်ညှာမှု ရှိမည်မဟုတ်ကြောင်း ကြေညာခြင်း၊ လက်နက်ချပြီးသူများနှင့် ဒဏ်ရာရ၍ မိမိကိုယ်ကိုယ် ကာကွယ်နိုင်စွမ်းမရှိတော့သည့် ရန်သူတို့ကို မညှာမတာ သတ်ဖြတ်ပြခြင်းများသည်လည်း အလားတူ ရှုံ့ရှာဖွယ်ရာ စစ်ရေးနည်းလမ်းများ ဖြစ်သည်။

## စစ်နယ်မြေအတွင်း အရပ်သားပြည်သူများနှင့် ဆက်ဆံရေး

တော်လှန်ရေးတရပ်၏ အဓိက ရည်ရွယ်ချက်များတွင် လက်နက်အားကိုး အနိုင်ကျင့်သည့် အုပ်ချုပ်ရေးစနစ်မှ အရပ်သားပြည်သူများကို လွတ်မြောက်စေရန်ဖြစ်သည်။ အဆိုပါ တော်လှန်ရေး တာဝန်ကို အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် တော်လှန်ရေးတပ်အနေဖြင့် လက်နက်အားကိုး အနိုင်ကျင့် အုပ်ချုပ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်မသွားစေရန် သတိထားဆောင်ရွက်ရပါမည်။

တော်လှန်ရေးတပ်သည် အရပ်သားပြည်သူများနှင့် ဆက်ဆံရာတွင် အရပ်သားများ၏ အသက်အိုးအိမ်နှင့် စည်းစိမ်များကို လေးစားမှုရှိရန် အလွန်အရေးကြီးပါသည်။ တပ်ရိက္ခာအတွက်ဟု ဆိုကာ အရပ်သားများထံမှ အစားအစာများ မွေးမြူရေး တိရစ္ဆာန်များကို ၎င်းတို့၏ ကြည်ဖြူစွာလက်ခံမှု မရှိဘဲ ယူဆောင်ခြင်းကို ရှောင်ကျဉ်ရမည်။ လိုအပ်ပါက အရပ်သားများထံမှ ဝယ်ယူရမည်။ ထို့အတူ အရပ်သားများ၏ နေအိမ်များ၊ အဆောက်အဦများတွင် ၎င်းတို့၏ ခွင့်ပြုချက်မပါဘဲ ဝင်ရောက်နေရာယူခြင်း၊ နေထိုင်းခြင်းတို့ကိုလည်း အထူးရှောင်ကျဉ်ရမည် ဖြစ်သည်။ အထူးသဖြင့် တပ်စခန်းချခြင်းကို တတ်နိုင်လျှင် အရပ်သားများ နေထိုင်ရာအရပ်နှင့် နီးစပ်မှု မရှိအောင် စီမံသင့်ပါသည်။ မိမိတို့တပ်ကြောင့် အရပ်သားများ၏ နေရပ်သည် ရန်သူတပ်၏ ပစ်မှတ်ထားခြင်း ခံရနိုင်သည်ကို ဂရုပြုရမည်။ ရန်သူတပ်သည် စစ်ရာဇဝတ်မှုများကို ကျူးလွန်ရာတွင် အကြောင်းပြချက် ဆင်ခြေများ ရသွားနိုင်သည်ကို သတိထားရမည်။

မလွဲရှောင်သာ၍ အရပ်သားတို့၏ နေရပ်သို့ ဝင်ရောက်ရမည် ဆိုပါက အဆိုပါ အရပ်တွင် နေထိုင်သည့် အရပ်သားများသည် မိမိတို့ကို ထောက်ခံသူများဖြစ်စေ၊ ရန်သူဘက်ယိမ်းသူများ ဖြစ်စေ၊ ကြားနေသူများ ဖြစ်စေ ခြိမ်းခြောက် စည်းရုံးခြင်း၊ အကြမ်းဖက် အုပ်ချုပ်ခြင်း စသည့် အကြောက်တရားဖြင့် ငြိမ်ဝပ်ပိပြားနေစေရန် မလုပ်ဆောင်သင့်ပါ။ ရန်သူဘက် ယိမ်းသည့် အရပ်သားများပင် ဖြစ်နေပါစေ ထိုအရပ်သားများကို အမှန်တရားမမြင်နိုင်သေးသည့် လူများအဖြစ်သာ သဘောထားပြီး မိမိဘက်ပါအောင် စနစ်တကျ စည်းရုံးသိမ်းသွင်းခြင်းသည်သာ နည်းလမ်းအမှန်ဖြစ်သည်။ ရန်သူကို သတင်းပေးသည့် အရပ်သားများကိုလည်း တရားလက်လွတ် နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနည်းတို့ဖြင့် အပြစ်မပေးဘဲ တရားမျှတစွာ စီရင်ရမည်။ တော်လှန်ရေးတပ်သည် ဖိနှိပ်ချုပ်ချယ်သည့် ရန်သူတပ်နှင့် မတူဘဲ တရားလက်ကိုင်ထားပြီး စီမံအုပ်ချုပ်သည့်၊ ပြည်သူ့လွတ်မြောက်ရေးကို အမှန်တကယ် ယူဆောင်ပေးမည့် အဖွဲ့အစည်းဖြစ်သည်ဟု အရပ်သားများ၏ အမြင်တွင် ရှိနေရန် အထူးလိုအပ်ပြီး အရပ်သားများ၏ ကြည်ဖြူမှုသည် တော်လှန်ရေးရှေ့ဆက်နိုင်ရန် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်ကို မမေ့လျော့ကြရန် လိုအပ်ပါသည်။

## နိဂုံး

တော်လှန်ရေးတပ်များ အပါအဝင် လက်နက်ကိုင်တပ်များတွင် အဆင့်ဆင့်ကွပ်ကဲမှုစနစ်ကို အခိုင်အမာတည်ဆောက်ထားနိုင်ရန် အထူးလိုအပ်သည်။ တပ်ဖွဲ့ဝင်တစ်ဦးချင်းနှင့် တပ်ဖွဲ့ခွဲတစ်ခုချင်း အနေဖြင့် အဆိုပါ ကွပ်ကဲမှုစနစ်အောက်တွင် အမိန့်နာခံမှုရှိရမည်ဖြစ်ပြီး အမိန့်နာခံမှုသည် စစ်ရေးအရ အောင်မြင်မှုရစေရန် အဓိကသော့ချက် တစ်ခုဖြစ်သည်။ ဤကွပ်ကဲမှုအောက်တွင် အခွင့်အာဏာရှိသူ အရာရှိများသည်လည်း တိုက်ရိုက်ဆန်ပြီး ရှုပ်ထွေးမှုမရှိသည့် အမိန့်ပေးဆုံးဖြတ်နိုင်သည့် အရည်အချင်းရှိရန် လိုအပ်သည်။ မဟာဗျူဟာနှင့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရာတွင် အမိန့်၏ စေ့စပ်ခိုင်မာမှုနှင့် တပ်ဖွဲ့ဝင်များ၏ တသွေမသိမ်း အမိန့်နာခံမှုတို့သည် ရန်သူအပေါ် အသာစီးရရန် များစွာအထောက်အကူပြုသည်။ အဆင့်ဆင့်ကွပ်ကဲမှုစနစ် အခိုင်အမာတည်ဆောက်ထားခြင်းဖြင့် တပ်ဖွဲ့ဝင်များ၏ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း ချိုးဖောက်မှုများကို လျှော့ချနိုင်ပြီး တော်လှန်ရေးအပေါ် အများပြည်သူ၏ ယုံကြည်ကိုးစားမှုကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်သည်။

မင်းကောင်စီ




## ဘာကြောင့် လေ့ကျင့်ရေး အရေးကြီးတာလဲ

> လေ့ကျင့်ပျိုးထောင်မှုမရှိတဲ့ စစ်တပ်ဟာ
> ထုံထိုင်း၊ မှုန်မှိုင်းတဲ့ စစ်တပ်ဖြစ်ပြီး
> ထုံထိုင်းတဲ့စစ်တပ်ဟာ ဘယ်တော့မှ မိမိရဲ့ ရန်သူကို
> ချေမှုန်းနိုင်မှာမဟုတ်ဘူး။
>
> မော်စီတုံး
>
> An army without culture is
> a dull-witted army,
> and a dull-witted army
> cannot defeat the enemy.
>
> Mao Zedong

ကျွန်တော်တို့ လေ့ကျင့်ကြတော့မယ်ဆိုတော့ ဘာတွေ လေ့ကျင့်ကြမလဲဆိုပြီး ရှေးဦးစွာ လေ့လာရပါ တော့မယ်။ မနက် ၅ နာရီ ပုံမှန် PT ပြေးဒိုက်ထိုးပြီး သက်လုံကောင်းလာရုံ၊ ခန္ဓာကိုယ် ကြံ့ခိုင်ရုံနဲ့ လေ့ကျင့်ရေး မပြည့်ဝပါဘူး။

နည်းစနစ်ပိုင်း နားလည်မှုနဲ့ ၎င်းနည်းစနစ်များကို အကျွမ်းတဝင်ရှိမှု၊ ၎င်းနည်းစနစ်များကို အလိုအလျောက် တုံ့ပြန်နိုင်စွမ်းရှိသည်အထိ လေ့ကျင့်ရမှာပါ။ ဥပမာဆိုပါတော့ ကျည်ကွယ် မျက်ကွယ်နှင့် ပစ်ကွင်း မြင်ကွင်း ကောင်းများကို စိတ်ကအလိုအလျောက် အမြဲတစေ ရှာဖွေနေတတ်ရပါမယ်။ ရန်သူနဲ့ရုတ်ချည်း တွေ့ဆုံမှုများမှာ ချက်ချင်းတုံ့ပြန်နိုင်ဖို့ဆိုတာ နည်းစနစ်ပိုင်းတွေကို "Habitual Action" ဖြစ်နေဖို့ထိ လေ့ကျင့်ရပါမယ်။

နည်းစနစ်ပိုင်းဆိုတာ ဘာတွေလဲ မပြောခင် နည်းစနစ်နှင့် နည်းဗျူဟာကို ကွဲကွဲပြားပြား နားလည်ဖို့ လိုအပ် ပါတယ်။ ဘာလို့ဆို ဒီ (၂)ခုဟာ မတူညီပဲ ပေါင်းစပ်ရမယ့် အရာဖြစ်ပါတယ်။ နည်းစနစ်ဟာ ကိုယ်စီ စစ်နည်းဗျူဟာ မှာပါတဲ့ နည်းစနစ်တွေလို့ အကြမ်းဖျင်း မှတ်ယူနိုင်ပါတယ်။

၁။ သင်ခန်းစာ (၁၁) လက်နက်ဖြင့် လှုပ်ရှားတွားတက်ခြင်း (ကိုယ်စီ၁၈) လို့ အကြမ်းခေါ်တဲ့ (Crawling) ဆွဲကြတဲ့ နည်းစနစ်

၂။ သင်ခန်းစာ (၁၈) ကိုယ်စီတိုက်နည်း

၃။ သင်ခန်းစာ (၁၃) အခြေခံ အတားအဆီး ဖြတ်ကျော်ခြင်း

အနည်းဆုံးအားဖြင့် ဒီသင်ခန်းစာ (၃)ခုဟာ အပြင်းအထန် လေ့ကျင့်ထားရမယ့် နည်းစနစ်တွေဖြစ်ပါတယ်။ အဲ့ဒီ သင်ခန်းစာတွေ မကျေညပ်ရင် ခံရမဲ့သူက ကိုယ်ပါပဲ။ ကိုယ်စီစစ်နည်းဗျူဟာဟာ ရဲဘော်တိုင်းလေ့ကျင့်ရေးမှာ ဂုဏ်ထူးထွက်အောင် သင်ကြားလေ့ကျင့်ရမည့် ဘာသာရပ်ဖြစ်ပါတယ်။

ကိုယ်စီစစ်နည်းဗျူဟာကို အနည်းဆုံး (၁) လ ကနေ (၃)လ အထိကို လေ့ကျင့်သင်ကြားသင့်ပါတယ်။ ဒီဟာက အခြေခံ နည်းစနစ်တွေပါ။ ထပ်ဆောင်း လေ့ကျင့် သင့်တာတွေက ကွန်မန်ဒိုနည်းစနစ်၊ မြို့တွင်းစစ်ဆင်ရေး နည်းစနစ်တွေပါပဲ။ (စတဲ့တစ်ဦး တစ်ယောက်ချင်းစီ တတ်မြောက်ကျွမ်းကျင်ရမယ့် နည်းစနစ်တိုင်းကို လေ့ကျင့်ရပါမယ်)။

လက်နက်ကိုင်တွယ် ချိန်ရွယ်တဲ့ လေ့ကျင့်ခန်းကို အနည်းဆုံး (၁) ပတ်တိတိကို အချိန်ယူလေ့ကျင့်ရပါမယ်။ တိုက်ခိုက်ရေး ရဲဘော်တယောက်ဟာ မိမိကိုင်ဆောင်လက်နက်ကို ကျွမ်းကျင်ကောင်းမွန်စွာ နိုင်နိုင်နင်းနင်း ပစ်ခတ်နိုင်အောင် အသင့်အနေအထား ရှိဖို့ လိုပါတယ်။

## တပ်စိတ်၊ တပ်စု စစ်နည်းဗျူဟာ

ကိုယ်စီစစ်နည်းဗျူဟာမှာပါတဲ့ တစ်ဦးချင်းစီ တတ်မြောက်ကျွမ်းကျင်ရမယ့် နည်းစနစ်ပိုင်းတွေ ကျွမ်းကျင်အောင် လေ့ကျင့်ပြီးပြီ ဆိုရင် (၂) ယောက်တစ်ဖွဲ့ (၃)ယောက်တစ်ဖွဲ့၊ အဖွဲ့လိုက် ဟန်ချက်ညီ လှုပ်ရှားတိုက်ခိုက် တတ်ဖို့ နည်းဗျူဟာပိုင်းတွေ ဖြစ်တဲ့ တပ်စိတ်စစ်နည်းဗျူဟာတွေကို လေ့ကျင့်ရပါမယ်။

တပ်စိတ်မှာ ပါဝင်တဲ့ ရဲဘော်တိုင်းဟာ မိမိတို့ရဲ့တစ်ဦး

ချင်းတာဝန်ကို နားလည်ပြီး စစ်နည်းစနစ်တွေကို အခြေခံကာ ဟန်ချက်ညီတဲ့ ပူးပေါင်းလှုပ်ရှား တိုက်ခိုက်မှုကို စနစ်တကျ လေ့ကျင့်ရပါမယ်။

အဓိကတော့ တပ်စိတ်တိုက်နည်းစနစ်တွေကို ရဲဘော်တိုင်းဟာ သင်ခန်းစာ ကျေညက်ဖို့ လိုအပ်ပါတယ်။ တပ်စိတ် စစ်နည်းဗျူဟာမှာလည်း ရဲဘော်တိုင်း သင်ခန်းစာ သဘောတရားနဲ့ လက်တွေ့လေ့ကျင့်မှုမှာ ဂုဏ်ထူး ထွက်သည်အထိ လေ့ကျင့်သင်ကြားရမှာ ဖြစ်ပါတယ်။

တပ်စုအဆင့် လေ့ကျင့်မှု အတွက်ဆိုရင် တပ်စုမှူးနှင့် တပ်စိတ်မှူးများအား တပ်ရင်းမှူး၊ တပ်ခွဲမှူးများက ပေးအပ်သော ရည်မှန်းချက်ကို အောင်မြင်ဖို့ ရွေ့လျားမှုနှင့်ပစ်အား စတဲ့ စစ်နည်းဗျူဟာနဲ့ ချီတိုက်ခံခွာ စစ်ကဏ္ဍကို ကိုးကားပြီး မိမိတို့ရဲ့ ရန်သူအင်အား၊ မြေအနေအထား စတာတွေကို တွက်ချက်ပြီး တိုက်ပွဲ ဝင်နိုင်အောင် လေ့ကျင့်ကြရမှာ ဖြစ်ပါတယ်။ တပ်စုအဆင့်မှာ စစ်ကူပစ်ကူသဘောတရား ပါလာပြီး ထိရောက်ပစ်ကူကို မည်သို့ အကျိုးရှိအောင်အသုံးချမလဲ၊ မည်သို့ စစ်ကစားစစ်လှုပ်ရှား၍ တိုက်ခိုက်ကြမလဲ စတာတွေကို သင်ကြားလေ့ကျင့်ရပါမယ်။

## စည်းကမ်းနဲ့ ပစ်ဒဏ်

လေ့ကျင့်ရေးကွင်းမှာ စည်းကမ်းနဲ့ အပြစ်ပေးအရေးယူခြင်းက အရေးကြီးပါတယ်။ လေ့ကျင့်ရေး ကောင်းမကောင်းဟာ မည်မျှ စည်းကမ်းတင်းကျပ်တယ်၊ အပြစ်ပေးအရေးယူတာ တရားမျှတမှု မည်မျှ ရှိတယ်၊ ပေးအပ်တဲ့ ပစ်ဒဏ်ဟာ ရဲဘော်အတွက်၊ အဖွဲ့အတွက် အကျိုးရှိတဲ့ ပြစ်ဒဏ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။

ရဲဘော်ရဲ့ ကိုယ်ခန္ဓာ ကြံ့ခိုင်ဖို့၊ စိတ်ဓာတ်ကြံ့ခိုင်သန်မာဖို့ အမိန့်နာခံမှုရှိဖို့ ရဲဘော်အချင်းချင်း ရဲဘော်ရဲဘက်စိတ် ဝင်လာအောင် အပြစ်ဒဏ်ပေးတတ်ဖို့ လိုပါတယ်။ တိုက်ပွဲအတူဝင်ကြမယ့် ရဲဘော်တွေ အတွက် ရဲဘော်ရဲဘက် စိတ်ကို သင်တန်း၊ လေ့ကျင့်ရေးကနေ စိတ်ထဲစွဲမြဲနေအောင် ရိုက်ထည့်ပေးရမှာ ဖြစ်ပါတယ်။

## လက်ရုံးနဲ့ပစ်ကူ

PDF ရဲဘော်များအနေနဲ့ လက်ရုံးပညာရပ်များကိုလည်း သေချာလေ့လာကြဖို့လိုပါတယ်။ လက်ရုံးပညာရပ် များ ဟာလည်း တပ်တစ်တပ် တိုက်စွမ်းရည် ကောင်းမကောင်းအပေါ်မှာ များစွာမူတည်နေပါတယ်။

လက်ရုံးတပ် တွေရဲ့ အုပ်ချုပ်ထောက်ပံ့ လုပ်ပေးနိုင်စွမ်းအားဟာ တပ်ရဲ့ စည်းစနစ်ကျမှု၊ လှုပ်ရှားစစ်ကစား နိုင်စွမ်းရှိမှု စတာတွေအပေါ်မှာ သက်ရောက်မှု အများကြီးရှိပါတယ်။

ပစ်ကူတပ်ဖွဲ့တွေကိုလည်း စနစ်တကျသင်ကြားဖို့ လိုအပ်ပါတယ်။ ထိရောက်တဲ့ ပစ်ကူပေးနိုင်မှုဟာ ချေမှုန်းရေး တပ်ဖွဲ့ တိုက်အားကို သိသာတိုးတက်စေပါတယ်။ ပစ်ကူပေးစနစ်မှာ သွယ်ဝိုက်ပစ်၊ အဖြောင့်ပစ်၊ စက်လက်၊ စက်ကြီး၊ ဝေဟင်ပစ်ကူ စတာတွေပါဝင်ပြီး တစ်ခုချင်းစီရဲ့ သဘောတရား၊ အားနည်းချက်၊ အားသာချက် စတာတွေကို စနစ်တကျလေ့လာပြီး လေ့ကျင့်ရ ပါမယ်။ အဓိကအားဖြင့် ပစ်ကူမှာ ပစ်မိန့်ရအဖွဲ့၊ ပစ်ခတ်မှုအဖွဲ့နှင့် အကဲကြည့်အဖွဲ့တို့ဟာ ဟန်ချက်ညီညီနဲ့ ထိရောက်တဲ့ပစ်ခတ်မှု ပေးနိုင်ရပါမယ်။

## သုံးသပ်ချက်၊ စီမံချက်

တပ်စုမှူး တစ်ယောက်ဟာ မဖြစ်မနေကို သုံးသပ်ချက်၊စီမံချက် အကြမ်းဖျင်း ရေးနိုင်ဖို့လိုအပ်ပါတယ်။ တိုက်ပွဲဖော်ထုတ်ချက်တွေ၊ သင်ခန်းစာဖော်ထုတ်ချက် စတာတွေကနေ တပ်မှူးတွေရဲ့ စစ်ဖက်ဆိုင်ရာ အသိအမြင် တိုးတက်မှုရှိအောင် ဖွံ့ဖြိုးမှုရှိအောင် လုပ်ဆောင်ရပါမယ်။

တပ်မှူးအဆင့်ဖြည့်တင်းရမယ့် Skill တစ်ခုကတော့ Leadership Skill ပါဘဲ။ဒီ skill ဟာ တော်တော်လေးအရေးကြီးပါတယ်။ ညံ့ဖျင်းတဲ့ နောက်လိုက် မရှိပါဘူး ညံ့ဖျင်းတဲ့ခေါင်းဆောင်ပဲ ရှိတာပါ။

တပ်မှူးတွေအနေနဲ့ စစ်ဖက်ခေါင်းဆောင်မှု ပညာရပ်မှာ အနည်းဆုံး အမှတ်(၆၀) ရရှိ အောင်မြင်အောင် ကြိုးစားရပါမယ်။ တပ်ဖွဲ့တွေရဲ့ ပြဿနာ တော်တော်များများဟာ ခေါင်းဆောင်မှု အရည်အချင်းဟာကွက်ကြောင့်ပါ။ ခေါင်းဆောင်မှုအရည်အချင်းဟာ မွေးရာပါမဟုတ်ပါဘူး လေ့လာလေ့ကျင့် ပြုစု ပျိုးထောင်ယူရတဲ့ ကိစ္စပါ။

စစ်ရေးအသိ၊စစ်ရေးသတိ အမြဲရှိနေအောင်လည်း လေ့ကျင့်ရေးမှာ ကြပ်မတ်ပြီး လေ့ကျင့်ပေးရပါမယ်။ စစ်ရေး

အသိ၊ စစ်ရေးသတိရှိခြင်းဟာ Habitual action ဖြစ်နေရပါမယ်။

စစ်ဖက်ဆိုင်ရာလုံခြုံရေး အသိဟာ ရဲဘော်တိုင်း လိုအပ်တဲ့ အသိတစ်ခုဖြစ်ပါတယ်။ စစ်ဖက်ဆိုင်ရာ လုံခြုံရေးအသိနဲ့ စစ်မြေပြင် ထောက်လှမ်းရေးဟာ ရဲဘော်တိုင်းသိဖို့ သင်ကြားလေ့ကျင့်ပေးရမှာ ဖြစ်ပါတယ်။

တပ်တစ်တပ်ရဲ့ စွမ်းရည် (၃) ရပ်ဟာ လေ့ကျင့်ရေးတွေမှာသာ အဓိက မှီတည်လို့ နေပါတယ်။ ဒီအချက်က တော်တော်အရေးကြီးပါတယ်။

တပ်မှူးတွေရဲ့

(၁) စစ်ရေးစွမ်းရည်

(၂) အုပ်ချုပ်ရေးစွမ်းရည်

(၃) စည်းရုံးရေးစွမ်းရည် စတာတွေကို လေ့ကျင့်ရေးတွေကနေ ကဏ္ဍတစ်ခုချင်းစီအလိုက် တိုးတက်မှု ရှိအောင် လုပ်ပေးရပါမယ်။

တပ်တစ်တပ်ကို တည်ဆောက်တဲ့အခါမှာ စစ်တိုက်နေကြရုံနဲ့ တပ်ရယ်လို့ ပီပီပြင်ပြင် ဖြစ်မလာပါဘူး။ စီမံ အုပ်ချုပ် ထောက်ပံ့ ကိစ္စရပ်တွေ ဟာကွက်ဖြစ်သွားတဲ့အခါမှာ မည်မျှတိုက်ရည်ရှိတဲ့ တပ်ဖြစ်နေပါစေ အင်အားချိနဲ့သွားနိုင်ပါတယ်။

တပ်တစ်တပ်ကို လူတစ်ယောက်အနေနဲ့ ပုံဖော်တဲ့အခါမှာ ခြေ၊ လက်တွေက တိုက်ခိုက်ရေးတပ်၊ ဝမ်းဗိုက် အတွက် ထောက်ပံ့ရေး၊ ဦးဆောင်တာ လက်ရုံးတပ်တွေ ဖြစ်ပါတယ်။ ဦးဆောင်ပိုင်းအတွက် သင်တန်း၊ လေ့ကျင့်ရေးနှင့် စွမ်းရည်တိုးတက်မှုအတွက်လည်း ထည့်တွက်စဥ်းစားဖို့ လိုပါတယ်။ မိမိတို့တပ်များ တိုးတက်ရေးအတွက် လိုအပ်တဲ့ လေ့ကျင့်ရေး အခန်းကဏ္ဍများ ဖြည့်ဆည်းနိုင်ရန်လည်း လက်ရုံးတပ်များမှာ အချက်အလက်တွေနဲ့ ညွှန်ကြားချက်တွေကို ကောင်းစွာချမှတ်ဖို့လည်း လိုပြန်ပါ သေးတယ်။ မည်သို့ပင် ဖြစ်ပါစေ တပ်တစ်တပ် အတွက် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်ကြဖို့ အတွက် လေ့ကျင့်ရေးဟာ မရှိမဖြစ် လိုအပ်တဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။

ခဏ်းဝါ




## အမြဲတမ်း တပ်မတော် တရပ် ဖြစ်လာရန် တည်ဆောက်ခြင်း

တော်လှန်ရေးကာလ (၃) နှစ်ကျော် (၄) နှစ်ထဲ ဝင်ရောက်လာချိန်မှာ စွမ်းရည် (၃) ရပ်ထက်မြက်တဲ့ အမြဲတမ်း တပ်မတော်တခုတည်ဆောက်ဖို့ NUG-PDF အနေနဲ့ လိုအပ်လာပြီ ဖြစ်ပါတယ်။ စွမ်းရည် (၃) ရပ်ဆိုတာ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည် တို့ပဲ ဖြစ်ပါတယ်။

ဒီ စကားလုံးဟာ စစ်ကောင်စီတပ်ကနေ တိုက်ရိုက်ကူးယူထားတာ ဖြစ်ပြီး လိုအပ်လို့ ယူတာလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ စစ်ရေးစွမ်းရည်ဆိုတာကတော့ ရှင်းပါတယ်၊ အုပ်ချုပ်ရေးစွမ်းရည်ဆိုတာ စစ်ကောင်စီတပ်မှာတော့ အရပ်ဘက်အုပ်ချုပ်ရေးအတွက်ကိုပါ ရည်ရွယ်တာ ဖြစ်ပြီး PDF အနေနဲ့တော့ တပ်တွင်း အုပ်ချုပ်ရေးစွမ်းရည်ကို ဆိုလိုတာ ဖြစ်ပါတယ်။

တပ်တွင်းအုပ်ချုပ်ရေး စွမ်းရည်ဆိုတာ တပ်တွင်း ပျော်ရွှင်ရေး၊ သက်သာချောင်ချိရေး၊ သူ့သက်ဆိုင်ရာ စိတ်၊ စု၊ ခွဲ၊ ရင်း အလိုက် ကိုယ်စီတာဝန် တွေကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရေး ဖြစ်ပါတယ်။

စည်းရုံးရေး စွမ်းရည်ဆိုတာကတော့ တပ်တွင်း စည်းလုံးညီညွတ်ရေး၊ တိုက်ဖော်တိုက်ဖက် မဟာမိတ်များနဲ့ ညီညွတ်ရေး၊ ပြည်သူလူထု ချစ်ခင် ယုံကြည်မှု စဥ်ဆက်မပြတ် ရအောင် တည်ဆောက်ရေးတို့ ဖြစ်ပါတယ်။

## အမြဲတမ်းတပ်မတော် အဖြစ် ဘာကြောင့် တည်ဆောက်ရပါသလဲ။

အမြဲတမ်းတပ်မတော်အဖြစ် တည်ဆောက်ဖို့ မဟာဗျူဟာ စဥ်းစားဆုံးဖြတ်ချက် အရင် ချမှတ်ထားဖို့ လိုပါတယ်။ မဟာဗျူဟာထိုးစစ်ဆင်တိုက်ခိုက်ရန် ရည်ရွယ်မှ အမြဲတမ်းတပ်မတော် တည်ဆောက်ရေး ဆိုတဲ့ စဥ်းစားချက် ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

အမြဲတမ်းတပ်မတော်တစ်ရပ် တည်ဆောက်ဖို့ အရေအတွက် အရလည်း တိုးပွားရမှာ ဖြစ်သလို၊ အရည်အချင်းအရလည်း တိုးမြှင့်ဖို့ လိုအပ်ပါတယ်။

အရေအတွက်အရ တိုးပွားလာအောင် တပ်မတော်ထဲ ပြည်သူလူထု(တနည်းအားဖြင့် တပ်သားသစ်) ပါဝင်လာအောင် စည်းရုံးရမှာ ဖြစ်သလို မိမိအစီအစဥ်နဲ့ မိမိ ဆန့်ကျင့်တော်လှန်နေတဲ့ အင်အားစုတွေကို တပ်မတော်ထဲ တာဝန်ထမ်းဆောင်လာအောင် စုစည်းရမှာ ဖြစ်ပါတယ်။

အရည်အချင်းအရ တိုးပွား လာအောင် လေ့ကျင့်သားပြည့်ဝတဲ့ တိုက်ခိုက်ရေးတပ်တွေနဲ့ အုပ်ချုပ်ထောက်ပံ့ရေးကောင်းတဲ့ လက်ရုံးတပ်တွေ ဖြစ်လာအောင် ပြုလုပ်ပြီး ထုအင်အားတည်ဆောက်ရမှာ ဖြစ်သလို မိမိတပ်သားတွေ ကိုင်ဆောင်အသုံးပြုနေတဲ့ လက်နက်တွေကိုလည်း စွမ်းဆောင်ရည်မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။

မိမိအစီအစဥ်နဲ့ မိမိ ဆန့်ကျင့်တော်လှန်နေတဲ့ အင်အားစုတွေကို စုစည်းရာမှာ နိုင်ငံရေးအယူဝါဒ တူညီ ဖို့နဲ့ ဒေသစွဲမရှိတဲ့ အင်အားစုတွေကို ကနဦး ပစ်မှတ်ထား စုစည်းဖို့ လိုပါတယ်။

NUG ရဲ့ နိုင်ငံရေး အယူဝါဒဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ် ဖြစ်ပြီး တနည်းအားဖြင့် လစ်ဘရယ်ဘက် ပိုရောက်တဲ့ သဘောရှိပါတယ်။

ဒေသစွဲစိတ်ရှိတဲ့ အင်အားစုတွေဟာ မိမိတို့ ဒေသအကျိုးကို အလေးပေးခြင်း၊ တစုံလုံးစာ အမြင်အားနည်းခြင်း၊ ဖြန့်ခွဲနေထိုင်ခြင်း၊ အစီအစဥ်မရှိပဲ ရရာလက်နက်စွဲကိုင်တိုက်ခိုက်ခြင်း စတဲ့ ဓလေ့များ ရှိတဲ့အတွက်ကြောင့် စုစည်းရာမှာ အသေးစိတ် ဂရုစိုက်ရမှာ ဖြစ်ပြီး စစ်ရေးသက်သက်ဖြင့် မချဥ်းကပ်ပဲ တဘက်ကလည်း နိုင်ငံရေးအရပါးနပ်စွာဖြင့် ပြောက်ကျားခြေစစ် ဆက်လက်ဖြစ်ပေါ်နေ စေရန် အားပေးကူညီရမှာ ဖြစ်ပါတယ်။

မိမိအစီအစဥ်နဲ့ မိမိ ဆန့်ကျင့်တော်လှန်နေတဲ့ အင်အားစုတွေကို အင်အားနဲ့တိုက်စွမ်းရည် တိုးတက် လာအောင် တဖြည်းဖြည်းချင်း လုပ်ဆောင်ကြရပါမယ်။ ဥပမာအားဖြင့် မိမိတို့ကွပ်ကဲမှုဖြင့် ပူးတွဲ စစ်ဆင်ခြင်း၊ ပူးပေါင်းဖွဲ့စည်းခြင်း၊ ရှိရင်းစွဲ အရာများကို အလောတကြီး မဖျက်သိမ်းခြင်း၊ မူရင်းခေါင်းဆောင်များကို နဂိုအတိုင်း ရှိနေစေခြင်း စတဲ့ နည်းနာများ သုံးစွဲသင့်ပါတယ်။

မဟာဗျူဟာ ထိုးစစ်အတွက် ရည်ရွယ်ပြီး အမြဲတမ်းတပ်မတော်ကို တည်ဆောက်ကြရမှာ ဖြစ်ပေမယ့် ထိုးစစ်ကြီးရဲ့ ပတ်ချာလည်မှာ ပစ်၊ ပြေး၊ မိုင်းဆွဲ၊ ရှင်း-လင်းတဲ့ ကိစ္စရပ်တွေလည်း ဆက်ရှိနေရမှာ ဖြစ်ပါတယ်။

နိုင်ငံရေးအရ အရည်အချင်းမြှင့်တင်ရေးဟာလည်း အရေးကြီးတဲ့ အခန်းကဏ္ဍတရပ် ဖြစ်ပါတယ်။ အထူးသဖြင့် ဒီမိုကရေစီ၊ ဖက်ဒရယ်၊ ဥပဒေ၊ နိုင်ငံတကာဥပဒေ၊ Current Affairs စတာတွေကို အချိန်ရရင် ရသလို သင်တန်းပေးတာ သင့်တော်တဲ့ စာအုပ်ညွှန်းတွေ ပေးပြီး တိတိကျကျ မဖြစ်မနေ ဖတ်ခိုင်းတာ စသဖြင့် ပြုလုပ်ဖို့လိုပါတယ်။

အမြဲတမ်းတပ်မတော် တရပ်ဖြစ်လာပြီး အရည်အချင်းပြည့်မီတဲ့ တပ်မှူး၊ တပ်သားတွေ ရရှိဖို့ စဥ်ဆက်မပြတ် လေ့ကျင့်ရေးပြုလုပ်ခြင်း၊ ဖွဲ့စည်းပုံပိုင်း အားကောင်းလာရေး၊ နိုင်ငံရေးအသိ တိုးမြှင့် လာရေး၊ ကိုင်ဆောင်လက်နက် စွမ်းရည် တိုးတက်လာရေး၊ ခေတ်မီနည်းပညာများ လက်လှမ်းမီရေး၊ စစ်နည်းဗျူဟာ တိုးတက်လာရေး၊ စည်းကမ်းကောင်းမွန်လာရေး တွေကို စဥ်းစားပြီး စနစ်တကျ တွက်ချက်ထားသော အစီအစဥ်များဖြင့် ပြုလုပ်ရမှာ ဖြစ်ပါတယ်။

ကျော်ဟိန်း

# အင်တာဗျူးကဏ္ဍ




## KNPP အင်တာဗျူး

ကျွန်တော့် နာမည် ခူးဒန်နီရယ် လို့ခေါ်ပါတယ်။ ကျွန်တော်ကKNPPရဲ့ အတွင်းရေးမှူး(၁)ပါ။ နောက် အစိုးရ ဘက်မှာကတော့ ကျွန်တော် ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ဒုဝန်ကြီး တာဝန်ယူထားပါတယ်။

**"တော်လှန်ရေးအတွင်းက နိုင်ငံရေးနဲ့ နိုင်ငံရေးပေါ် အခြေခံတဲ့ တော်လှန်ရေးအကြောင်းလဲ ရဲဘော်တွေကို ဝေမျှပေးပါဦးဆရာ"**

တော်လှန်ရေးမှာ ပါဝင်လာတဲ့ ရဲဘော်တွေရယ်၊ အရင်တည်းက ရှိနေတဲ့ တော်လှန်ရေးအဖွဲ့အစည်း ကြားထဲမှာက မတူညီတာတွေ အများကြီးရှိတယ်။ ကျွန်တော်တို့ အရင့်အရင် ရှိပြီးသားတော်လှန်ရေး အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားတွေမှာက သူ့သမိုင်းနဲ့သူရှိတယ်။ သမိုင်းကို အခြေခံပြီး တော်လှန်ရေး လုပ်ကြတယ်။ လက်နက်ကိုင်ကြတယ်။ နောက်တစ်ခါ ဒီစနစ်၊ ဗမာပြည်ရဲ့ အစိုးရအဆက်ဆက်ရဲ့ စနစ်တွေကို မကြိုက်လို့ တော်လှန်ရေး လုပ်တာတွေရှိတယ်။
ဒီနောက်ပိုင်း ဒီမိုကရေစီ အရေးအခင်းကနေဖြစ်လာတဲ့ တော်လှန်ရေးဆိုတာကလည်း ရှိတယ်။ ဒီအာဏာသိမ်းပြီး နောက်ပိုင်းမှာ ဖြစ် လာတဲ့ နွေဦးတော်လှန်ရေး။ ဒါကတော့ လတ်တလော ဒီမိုကရေစီ အစိုးရလို့ပြောလို့ ရမှာပေါ့။ NLD အစိုးရကို အာဏာသိမ်းမှုအပေါ်မှာ လူထုတစ်ရပ်လုံးက ပါဝင်တာဖြစ်တယ်။ ဆိုတော့ ကျွန်တော်တို့ တော်လှန်ရေးလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ မတူဘူးပေါ့နော်၊ ဒီနှစ်ခု ရှိတယ်။ ခုန ကျွန်တော်ပြောသလို သမိုင်းကို အခြေခံတယ်။ အစိုးရဲ့ စနစ်ကို အခြေခံတယ်။ နောက်ပြီး ဒီမိုကရေစီ အရေးအခင်းကို အခြေခံတယ်။ ဒီနောက်ဆုံးတစ်ခုကတော့ အာဏာသိမ်းမှုကို အခြေခံတယ်... ဆိုတော့ အဲဒီထဲမှာ အရင့်အရင် တော်လှန်ရေးလုပ်လာခဲ့တဲ့ အဖွဲ့အစည်းတွေနဲ့ အခုနောက် နွေဦးမှာ ပေါ်လာတဲ့ တော်လှန်ရေးက ညှိနှိုင်းမှုတွေ၊ တည်ဆောက်မှုတွေ သေချာကို အခြေခံပြီးမှ သွားဖို့တော့ လိုအပ်ပါလိမ့်မယ် ။
နောက်ပြီးတစ်ခုက နောက်ဆုံးနွေဦးတော်လှန်ရေး ပါဝင်လာတဲ့ ရဲဘော်တွေနဲ့ ကျွန်တော်တို့ အရင့်အရင် တော်လှန်ရေးရှိထားပြီးသား အဖွဲ့အစည်းနဲ့ ရည်ရွယ်ချက်။ ရည်ရွယ်ချက်က ပထမ စစ်အာဏာရှင်ပြုတ်ကျဖို့ ကျွန်တော်တို့တော်လှန်တာ ဖြစ်တယ်။ အဲ့တော့ စစ်အာဏာရှင် ပြုတ်ကျ ပြီးရင် နားမယ့် လူတွေ၊ ရဲဘော်တွေ ရှိတယ်။ တချို့ကတော့ အဲ့လိုမျိုးပဲ စိတ်ကူးထားတယ်။ တကယ် လည်း ဆုံးဖြတ်ထားတာတွေ ရှိတယ်။ စစ်ကောင်စီပြုတ်ကျသွားရင် သူတို့ တာဝန်ကျေပြီပေါ့။ တချို့က နိုင်ငံရေးမှာ ဆက်ပါသွားမယ်ဆိုတဲ့ ရဲဘော်တွေလည်း ရှိပါတယ် ဒါကတော့ နိုင်ငံရေး ဆက်သွားတာ ပေါ့နော် ။

**နဂိုရှိပြီးသား တော်လှန်ရေး အဖွဲ့အစည်းတွေကျတော့ စစ်အာဏာရှင်နဲ့ အာဏာရှင်ဟူသမျှ တော်လှန်တယ်၊ လူထုအတွက် အကျိုးသက်ရောက်မှုမရှိတဲ့ အစိုးရမျိုး၊ အခြေခံဥပဒေမျိုး ကျွန်တော်တို့ အားလုံးတော်လှန်တယ်။ နောက်ပြီးတော့ ဒီဗမာတပြည်လုံးမှာနေထိုင်ကြတဲ့ တိုင်းရင်းသားတွေ အားလုံး အခွင့်အရေးတွေရဖို့ ကျွန်တော်တို့ တော်လှန်ရေးလုပ်တာ ဖြစ်တယ်။ ဒီနှစ်ခုကတော့ ကွာပါတယ်ဆိုတာ ပြောပြချင်ပါတယ်။**

နွေဦးတော်လှန်ရေးမှ ပေါ်ပေါက်လာတဲ့ တပ်တွေအနဲ့ တပ်တခုလိုတည်ဆောက်ယူနေရတဲ့အချိန်ဟာ ပုံမှန်အခြေအနေနဲ့ ယှဉ်ကြည့်ရင် သိပ်ကိုတိုတောင်းလွန်းတဲ့ကာလလို့ ပြောလို့ရပါတယ်။ ဒီနေရာမှာ ဒီလိုဝါနုသေးတဲ့ လက်နက်ကိုင်တပ်တွေအတွက် chain of command ကို တည်ဆောက်တဲ့နေရာမှာ သင့်တော်တဲ့ အဆင့်ဆင့်ကွပ်ကဲမှုမျိုးအတွက် အချိန်ယူတည်ဆောက်တာ အချိန်ဘယ်လောက်တော့ ယူသင့်တယ် သို့ ကြာနိုင်ပါမလဲ။ ဘယ်လို လေ့ကျင့်မှုတွေရော လုပ်သင့်ပါသလဲ။ တကယ့်ကို စွမ်းဆောင်ရည် ပြည့်ဝတဲ့ တပ်မတော်တစ်ခု

ထူထောင်ဖို့ဆိုတာ လွယ်တော့ မလွယ်ကူပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကြားထဲမှာ ပေါ်လာကြပြီ။ လူထုရော၊ လူငယ်တွေရော အင်အားတစ်ရပ်လုံး ပါဝင်လာကြပြီ၊ လက်နက်ကိုင်လာကြပြီ။ အဲဒီထဲမှာ ခုနပြောတဲ့ ရည်မှန်းချက် ရည်ရွယ်ချက် တစ်ခုတည်းက ပြဿနာသိပ်မရှိဘူး။ ဥပမာ- စစ်ကောင်စီ ပြုတ်ကျရင် ပြီးတာပဲဆိုတဲ့ စိတ်မျိုးထားရင်တော့ ပြုပြင်ထိန်းသိမ်းဖို့ကို သင်ကြားပေးရတာက သိပ်တော့ မခက်ဘူး။ အဲဒီထဲမှာက ကိုယ်ရောက်နေတဲ့ နေရာမှာ ဥပမာ- ကရင်နီပြည်ရောက်နေတယ်၊ ရောက်တဲ့လူတိုင်းကဒီနေရာရဲ့ စီမံခန့်ခွဲမှု၊ စုပေါင်းမှုတွေကို လက်ခံတယ်ဆိုရင် မခက်ဘူး။ ဒါကတော့ လူငယ်တွေကို ပြောပြချင်တယ်။ ဒါပေမယ့် ကျွန်တော်တို့ တွက်ပြချင်တာက နိုင်ငံရေး အတွေးအမြင်တွေ ပါလာတယ်။ နိုင်ငံရေးသမားတွေရဲ့ ဆွဲခေါ်မှုမှာလည်း မူတည်တယ်။ ကျွန်တော် လူငယ်တွေကိုတော့ သိပ်ပြီး အပြစ်မပြောလိုဘူး။ လူငယ်တွေကတော့ သတ္တိရှိရှိနဲ့ တိုက်မယ်ခိုက်မယ်၊ ပေးဆပ်နိုင်တယ်ပေါ့နော်။ သို့သော် ကျွန်တော်တို့ နောက်ကွယ်မှာ နည်းပေးလမ်းပြတဲ့ လူတွေလိုတယ်။ နောက်ပြီးတော့မှ နိုင်ငံရေးအရ အခြေခံတဲ့လူတွေ။ ကျွန်တော်တို့လည်း နည်းနည်းတော့ ပြောရခက်တယ်။ စွမ်းဆောင်မှုကောင်းတဲ့ တပ်တစ်ခုဖြစ်လာဖို့ဆိုတာက တပ်ရဲ့ စည်းမျဉ်းစည်းကမ်း၊ အမိန့်ပေးစီးဆင်းမှုတွေက တစ်ခုတည်းကနေ လာရမယ်လို့တော့ ကျွန်တော်တို့ခံယူထားတယ်လေ။ စစ်တပ်ဆိုတာမျိုးက “Top Down” စနစ်နဲ့သွားတယ်။ သို့သော် အခုကျွန်တော်တို့ဖြစ်နေတဲ့ အခြေအနေက တော်တော်လုပ်ယူရမယ့် အနေအထားမျိုးဖြစ်နေတယ်။ ဘာလို့လဲဆိုတော့ စစ်တပ်စဖွဲ့ကတည်းက ကျွန်တော်တို့ထဲက တော်လှန်ရေး အင်အားစုတွေ အဖွဲ့တွေက မြို့ကိုအခြေခံပြီး မြို့နယ်ကို အခြေခံတယ်။ ပြည်နယ်ကို အခြေခံပြီးမှ ပေါ်လာတော့ တစ်ခါပြန်လိုက်စုရတဲ့ အနေအထားမျိုးရှိတယ်။ ဟိုအထက်ကနေ အောက်ကို ဆင်းရတဲ့ အနေမျိုးတော့ မလုပ်နိုင်ဘူးပေါ့လေ။ အခု အကြီးဆုံးကတော့ NUGရှိပေမယ့် NUG အောက်မှာ အားလုံးလည်း ရှိမနေဘူး။ တိုင်းရင်းသားအားလုံးအောက်မှာလည်း ရှိမနေဘူး။ သူ့ဟာသူနဲ့ပေါ်လာကြတော့ ဒီတော့ကျွန်တော်တို့လုပ်ရမှာက ပြန်လည်စုစည်း ဖွဲ့စည်းရမယ်။

ပြီးရင် အဓိက လုပ်ရမှာက အဆင့်ဆင့်ကွပ်ကဲမှု။

တပ်စိတ်တွေရှိမယ်၊ ပြီးရင် တပ်စု၊ ပြီးရင် တပ်ခွဲ၊ ပြီးရင် တပ်ရင်း၊ တပ်ရင်းပြီးရင်တော့ တပ်မဟာတို့ စသဖြင့် ဖွဲ့စည်းပြီးမှ ဆင့်ကဲဆင့်ကဲ… တပ်ကြပ်ဆိုလည်း တပ်ကြပ်အဆင့်ဆင့် သင်တန်းတွေ ပေးရမယ်။ အရာရှိဆိုလည်း အရာရှိသင်တန်းတွေ ပေးရမယ်။ အဲ့လိုမျိုး ရိုးရိုးရဲဘော်တစ်ယောက်သင်တန်းပေးဖို့တောင် အနည်းဆုံး ၃ လကနေ ၆ လ ကြာပါတယ်။ အခုက အဲ့လောက် မပြီးနိုင်ဘူး။ အမှန်က စစချင်းမှာ လူတိုင်းသာ ၃ လ တတ်နိုင်မယ်ဆိုရင်တော့ ဒီထက်မက အများကြီး သွားနိုင်နေပြီ။ ဒီသင်တန်း ၃ လ ကာလမှာ တစ်ချိန်တည်းကို အကြပ်တို့၊ နောက်ပြီး အကြပ်ကြီး၊ ဒုဗိုလ် စသဖြင့် အဆင့်ဆင့် တစ်ခါတည်း မွေးထုတ်ပြီးတော့လုပ်ရင် ပိုမြန်တယ်။ အခုလည်း လုပ်တဲ့သူတွေက လုပ်တယ်၊ မလုပ်နိုင်တဲ့သူတွေကလည်း မလုပ်နိုင်ဘူးပေါ့။ အကောင်းဆုံးကတော့ သေနတ်ကိုင်တိုင်း သေနတ်ပစ်တတ်တာနဲ့ ရဲဘော်ဖြစ်ပြီ လို့တော့ ကျွန်တော်တို့ မသတ်မှတ်နိုင်ဘူး။ သို့သော် စိတ်ဓာတ်အရ အလုပ်လုပ်နေကြတာတွေ။ အခုလိုအပ်နေတာက ဒီစစ်ရေးခေါင်းဆောင်တွေပေါ့လေ၊ အောက်ခြေကနေ တပ်စိတ်၊ တပ်စိတ်မှူးတွေနောက်မှ ဒုစိတ်မှူးတွေ၊ နောက်မှ တပ်ကြပ်ကြီးတွေ အဲ့ကနေ စနစ်တကျ ကျွန်တော်တို့ သင်တန်းပြန်ပေးဖို့လိုတယ်။ သင်တန်းခံယူဖို့လည်း လိုပါတယ်။ စစ်သင်တန်းပေးတော့ အဲ့စစ်သင်တန်းက သင်ခန်းစာတွေကို ခံယူတတ်ဖို့ လိုပါတယ်။ အဲ့ဒါကို အရင်ဆုံး ကျွန်တော်တို့ လုပ်ဖို့လိုတယ်၊ အဲ့လိုပဲ စဉ်းစားထားပါတယ်။

**ဒီနေရာမှာ မြို့ပြUGအနေနဲ့ လှုပ်ရှားနေတဲ့ အဖွဲ့တွေအနေနဲ့ရော ဘယ်လိုမျိုးတွေ လုပ်ဆောင်သင့်ပါသလဲဆရာ။**

ခုနပြောတဲ့ UGက သာမန်ရဲဘော်တွေထက် သင်တန်းတော့ ရှိရပါလိမ့်မယ်။ နောက်ပြီးတော့မှ command ပေးတဲ့ ဌာနက သက်သက် တစ်ခု၊ ရှိနေဖို့တော့ လိုတယ်။ ဥပမာ- ခြေလျင်တပ်။ တိုက်ခိုက်ရေးဝင်တဲ့တပ်တွေက ဝင်ရင်းနဲ့ လူအများအပြားနဲ့ လုပ်တာက ပြဿနာမရှိဘူး။ ထင်ထင်ပေါ်ပေါ်လုပ်လို့ရပေမယ့် ခုနကပြောတဲ့UGတွေက သင်တန်းက ဒီထက်မက ရှိလိမ့်မယ်၊ သင်တန်းမျိုးစုံတက်ရမယ်။ အချိန်ကလည်း ပိုကြာပါမယ်၊ နောက်မှာ လူအများကြီးလည်း မလိုဘူးပေါ့လေ။ သူ့ကို အမိန့်ပေးတဲ့ဌာနက အပေါ်မှာ ဆက်စပ်မှု ပိုရှိရပါလိမ့်မယ်။ အပေါ်ဆိုတာက တကယ့် အမိန့်ပေးတဲ့ ဌာနပေါ့လေ။ တစ်ခုတည်း ဖြစ်ကောင်းဖြစ်မယ်။ သို့သော် ဒီအောက်ခြေရောက်လာရင် ဌာနတွေက မတူတော့ပြန်ဘူး။ တူလို့မရတော့ဘူးကိုး။ အဲ့တော့ သူ့လမ်းကြောင်း သူ့ဌာနနဲ့ သူပဲဖြစ်သင့်ပါတယ်။ အဲ့ဒါကလည်း မြေပြင်တွေမှာ တကယ်တိုက်ပွဲဝင်နေတဲ့ တကယ့်တပ်မတော်ကြီးပေါ့နော် သူတို့ကိုလည်း သိစရာမလိုဘူး။ အမှန်က အဲ့လောက်ထိကို လုပ်နိုင်ရမယ်။ သို့သော် အခုက ပြည်နယ်

တစ်ခုနဲ့ တစ်ခုက သူ့ဟာသူလည်း လုပ်တယ်၊ NUGကလည်း လွှမ်းခြုံမှုကမရှိဘူး စသဖြင့်... အခက်အခဲအမျိုးမျိုးကြားကနေ လုပ်ကြတာပါပဲ။ ခုန ပြောတဲ့ UG အဖွဲ့တွေက ကျွန်တော်တို့ ထက် မြေပြင်မှာ တိုက်နေတဲ့ သူတွေထက်တော့ သင်တန်းတွေ အဆင့်မြင့်မြင့်တွေတက်ရပါတယ်။ နောက်မှ နည်းပညာပိုမြင့်ရ ပါမယ်။ အဲ့ဒါတွေကတော့ လိုအပ်လိမ့်မယ်။

**CoCကို လိုက်နာလုပ်ဆောင်တာမှာ အတွေ့အကြုံများတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတခုအနေနဲ့ ကြုံခဲ့ရ ဖူးတဲ့ အခက်ခဲဆုံးအခြေအနေနဲ့ ကျော်ဖြတ်ခဲ့ပုံ။**

ဒီမှာ နှစ်ပိုင်း ရှိမယ်။ ကျွန်တော်ပြောတာက ဟို ဒီ နွေဦး တော်လှန်ရေး မပေါ်ခင်လား၊ ဒီနွေဦး တော်လှန်ရေး ပေါ်ပြီး အပိုင်းလား၊ အရင်တုန်းက Chain Of Command က ကျွန်တော်တို့အတွက်က သိပ်မခက်ဘူး။ အဖွဲ့အစည်းကတစ်ခု ပဲရှိတယ်။ နောက်ပြီး အမိန့်စီးဆင်းမှုက တစ်ခုတည်းရှိတယ်။ သို့သော် ကျွန်တော်တို့မှာလည်း ဌာနတွေရှိတယ်။ ကာကွယ်ရေး ဌာနတို့၊ ပြည်ထဲရေးဌာနတို့၊ တပ်ကိုင်တဲ့ဌာန၊ တပ်ပါတဲ့ဌာန နှစ် ခုရှိတယ်။ တစ်ခါတလေ တစ်ဖွဲ့တစ်စည်းတည်း ဖြစ်တာတောင် မှ တကယ်အရေးပေါ်လာပြီဆိုရင် အားလုံး ကို Command တစ် ခုတည်း ကနေ လာရမယ်ဆိုတဲ့ဟာကို ကျွန်တော်တို့ ပေါ်လစီ တစ်ခုကို ချထားပါတယ်။ ရိုးရိုးသာမန်ကတော့ သူ့ဌာနနဲ့ သူ အမိန့်ပေးနိုင်တယ်၊ လှုပ်ရှားပိုင်ခွင့်ရှိတယ်၊ တိုက်ပိုင်ခွင့်ရှိတယ်။ သို့သော် အရေးကြီးလာရင်၊ အရေးပေါ်လာရင် တစ်ခုတည်း၊ တစ်ယောက်တည်း ဖြစ်လာအောင် ကျွန်တော်တို့လုပ်လာခဲ့ တယ်။ သို့သော် တကယ်ပြီးပြည့်စုံလားဆိုတာကတော့ ဒါက တကယ် လုပ်ဆောင်တဲ့ အခါမှာကတော့ အခက်အခဲတွေ ကတော့ အများကြီး ရှိတာပေါ့လေ။ ကျွန်တော်တို့ ပြောလို့ မ ကောင်းတဲ့ဟာတွေရှိတယ်ပေါ့လေ။ ဒါကတော့ တစ်ဖွဲ့စည်း တည်းကို ပြောတယ်။ ဒါပေမယ့် ကျွန်တော်တို့ တိုင်းရင်းသား မှာက အရင့်အရင်တုန်းကဆိုရင် ဖွဲ့စည်းထားတာတေ့ ရှိတယ်။ ဥပမာ- အရင်က မလတတွေဖွဲ့တယ်၊ တိုင်းရင်းသားပေါင်းစုံပါဝင် တဲ့ စစ်ကြောင်းတွေဖွဲ့တယ်။ အဲဒီကျွန်တော်တို့ စစ်ကြောင်းတွေ ဖွဲ့တဲ့ အချိန်တင့ေလေးကို တပ်မ ပုံစံမျိုး အဖွဲ့အစည်းပေါင်းစုံ ပါဝင်တဲ့ တပ်လိုမျိုး ဖွဲ့လာပြီဆိုရင် အဲဒီမတိုင်ခင်မှာ သင်တန်း ကောင်းကောင်းပေးရတယ်။ အားလုံး အဖွဲ့အစည်းပေါင်းစုံပေါ့ လေ။ လေးငါးဖွဲ့ပါတဲ့ တပ်ရင်းတစ်ရင်းစာလောက်လား၊ နှစ် ရင်းစာလောက်လား စသဖြင့် သင်တန်း အတူတူ အားလုံးတက်

ရတယ်။ ပြီးရင် အဲဒီ သင်တန်းထဲမှာပဲ ခုနကျွန်တော်ပြောသလို စစ်ရေးစစ်ကဲ တပ်ရင်းမှူးတွေ၊ ဒုရင်းမှူးတွေ၊ တပ်ခွဲမှူးတွေ စ သဖြင့် အဆင့်ဆင့်တွေ အဲ့သင်တန်းမှာပဲ ကျွန်တော်တို့ ဖွဲ့စည်း ရတယ်။ ဒါက စုပေါင်းလုပ်ရတဲ့ စစ်ကြောင်းတို့၊ တိုက်ပွဲတွေတို့ ဥပမာ- ခုန စုပေါင်းဖွဲ့စည်းမှု စစ်မဟာမိတ်စသဖြင့်ကတော့ ဒီ လိုပဲ ဝင်ပေါင်းလို့တော့ မရဘူး၊ သင်တန်းတွေက ပေးရပါတယ်။ ဖြတ်သန်းရပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဖြတ်သန်းလာ ခဲ့တဲ့ အတွေ့အကြုံ အနည်းငယ်ပေါ့နော်။ နောက်ပိုင်းမှာက ကျွန်တော်တို့အတွက်လည်း အခက်အခဲတော်တော်လေးဖြစ် ပါတယ်။ ကျွန်တော်တို့လည်း အားလုံးအပေါ်မှာ လွှမ်းခြုံမှုမရှိ ဘူး။ နောက်သူတို့ကလည်း ဒီလိုမခံယူဘူး။ တချို့တပ်ဖွဲ့တွေ၊ တချို့ PDF တွေက မခံယူဘူး။ အဲ့လိုဖြစ်လာတော့ နေ့တိုင်း လိုလို တိုက်ပွဲဖြစ်တယ်။ သို့သော် ဘယ်သူက ဆရာလဲ၊ ဘယ် သူက အမိန့်ပေးနေလဲ စသဖြင့် ပေးရင်လည်း နားမထောင်ဘူး၊ အဲ့လိုမျိုးဟာတွေ ရှိတယ်။ အခုနှစ်၂ နှစ် အတွင်းမှာပေါ့နော်။ အခုကတော့ တဖြည်းဖြည်းနဲ့ နီးစပ်လာပါပြီ။ အတွေ့အကြုံ ကလည်း ရလာပြီ၊ ဒီလိုဖြစ်သင့်တယ်။ အမိန့်စီးဆင်းမှုက ဒီလို ဖြစ်သင့်တယ်။ လူထုကိုယ်၌ကလည်း ရလာပြီ။ တချို့ကလည်း အချိန်တစ်ခု အတိုင်းအတာ တစ်ခုအထိကတော့ ကျွန်တော်တို့ တိုက်ယူရဦးမယ်။ နောက်တစ်ခုက ကျွန်တော်တို့ခုနပြောခဲ့တဲ့ backgroundပေါ့၊ နိုင်ငံရေး background ကလည်း တစ်ခုတည်း ရှိမနေသေးဘူး။ အဲဒါ ညီဖို့လည်း လိုသေးတယ်။ ဒါကတော့ လတ်တလော ဖြစ်နေတဲ့ အခြေအနေပေါ့။

**CoC ကန့်သတ်ချက်ကြောင့် မလုပ်ဘဲ ပယ်လိုက်ရတဲ့ အခြေ အနေတွေကိုလည်း ရဲဘော်တွေကို ဝေမျှပေးပါဦးဆရာ။**

ကျွန်တော်တော့ ဒီဟာကို တိုက်ရိုက်မဖြေတတ် ဘူး။ ဖြတ်သန်းမှုအပေါ်မှာ ပြောတာပေါ့နော်။ ကျွန်တော်တို့ မှာက Chain Of Command တို့၊ Code Of Conduct တို့က ရှိပေမယ့်လည်း တော်လှန်ရေးမှာက ဟို... ခံယူချက်မဟုတ် ဘူး၊ ဒါကလည်း စည်းကမ်းထဲမှာပါတယ်။ ဥပမာ- ကျွန်တော် တို့ တော်လှန်ရေးတိုက်ပွဲအနေနဲ့ နယ်မြေက ရှုံးရင်ရှုံးမယ်၊ လူ တော့ အရှုံးမခံ၊ အဲ့လိုဟာတွေကလည်း ရှိတယ်။ ဘာလို့လဲ တော်လှန်ရေးမှာက နိုင်ငံတစ်ခုနဲ့ တစ်ခု စစ်တိုက်တဲ့ ပုံစံမျိုး မဟုတ်ဘဲ ကျွန်တော်တို့က ရှိတဲ့လက်နက်တွေနဲ့ ပြန်တော် လှန်တယ်ဆိုတော့ နယ်မြေဆုံးရှုံးရင် ဆုံးရှုံးမယ်၊ လူကတော့

အဆုံးရှုံးမခံဘူး။ တစ်နေ့နေ့ကျရင် ကျွန်တော်တို့ ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့နေ့ကျရင် အောင်မြင်မယ်ဆိုတဲ့ စိတ်ထားနဲ့ ထားကြတော့ ကျွန်တော်တို့ စည်းမျဉ်းစည်းကမ်း ဘယ်လောက်ပဲ ချထားချထား၊ အမိန့်ဘယ်လောက်ပဲ ချထားချထားပေါ့လေ၊ အမိန့်နဲ့ပဲ သွားသွား ထိခိုက်မှုများလာပြီ၊ သို့မဟုတ်ရင်လည်း ပစ်အားကမမျှဘူး အဲ့လိုမျိုးဖြစ်လာပြီဆိုရင် ပယ်ဖြတ်လိုက်ရတာတွေရှိတယ်။ အဲ့လိုမျိုးဟာကို ဒီလောက်ပဲ ပြောတတ်တယ် ။

**CoC ဟာ ဘယ်လောက်အရေးကြီးတယ်လို့ ကိုယ်တိုင်က ယူဆပါသလဲ။**

စစ်တပ်မှာ Command ပေးတာက အရေးကြီးဆုံးပဲ။ ကျွန်တော်တို့အတွက် Command ပေးတာတောင်မှ တစ်နေရာတည်းကနေလာရမယ်၊ တစ်ခုတည်းကနေလာရမယ်၊ တစ်ဦးတည်းကနေ လာရမယ်ဆိုတာက စစ်တပ်မှာ အဲ့လိုတော့ ရှိတယ်၊ ဥပဒေတစ်ခုအနေနဲ့ပေါ့လေ။

ကျွန်တော်တို့ ကရင်နီပြည်မှာ အဖွဲ့အစည်းပေါင်းစုံရှိတယ်။ အခု နွေဦးတော်လှန်ရေးမှာမှ ထွက်လာတဲ့ အဖွဲ့အစည်းငယ်တွေ ပေါ့လေ။ သူတို့ဦးတည်ချက်ကတော့ ဒီစစ်ကောင်စီပြုတ်ကျဖို့ဖြစ်တယ်။ သို့သော် တကယ့်တိုက်ပွဲဝင်တဲ့အခါမှာ သီးသန့်ရည်ရွယ်ချက် ရည်မှန်းချက်တွေက ရှိရတယ်။ တစ်ခါတလေ တစ်ဖွဲ့က သူ့ဦးတည်ချက်က တစ်နေရာ၊ နောက်တစ်ဖွဲ့က နောက်တစ်နေရာ အဲ့လိုမျိုးဖြစ်တာတွေလည်း ရှိတယ်။ တစ်နေရာတည်းကို သူတို့ နှစ်ဖွဲ့လုံးက ဦးတည်ထားတာတွေရှိတယ်၊ ကိုယ်က စီစဉ်ထားတဲ့နေရာရှိတယ်၊ နောက်တစ်ဖွဲ့က မသိဘဲနဲ့ ကပ်ရပ်တို့၊ အဲ့နေရာမှာ တိုက်ပွဲသွားဖော်လိုက်တာတို့ အဲ့လိုမျိုးဟာတွေဖြစ်နေတော့ ဘယ်လိုပြောမလဲ တစ်ယောက်နဲ့တစ်ယောက် တစ်ဖွဲ့နဲ့တစ်ဖွဲ့က မသိကြလို့သာ ဒီလိုဖြစ်ရတာပေါ့လေ။ သူ့အစီအစဉ်ကဘယ်လိုလဲ၊ ကိုယ့်အစီအစဉ်က ဘယ်လိုလဲ၊ ဘယ်သူက အမိန့်ပေးနေလဲ မသိရတော့ ကျွန်တော်တို့ လိုက်လုပ်လိုက်ရတာတွေရှိတယ်။ ဒါက ကျွန်တော်တွေ့ကြုံခဲ့ရတာ ဒီတစ်နယ်တည်းမှာရှိတဲ့ တပ်အားလုံးက ဒါတွေလုပ်မယ်၊ ဗျူဟာတစ်ခုအောက်မှာသွားမှာ၊ အမိန့်တစ်ခုအောက်မှာ သွားမယ်ဆိုတဲ့ဟာက လိုကိုလိုအပ်တယ်။ အဲ့လိုမျိုးသာရှိမယ်ဆို ပိုလည်းထိရောက်တယ်၊ အဲ့ဒါက ကျွန်တော်တို့လုပ်လာခဲ့တဲ့အပေါ်မှာ ပြောပြတာပါ။ အခုကလည်း လူတွေကို အပြစ်တင်တာမဟုတ်ဘူး ။ ကလေးတွေကတော့ တိုက်မယ်ခိုက်မယ်၊ ဟိုနေရာရှိတဲ့နေရာ ရန်သူရှိတဲ့နေရာ စစ်ကောင်စီရှိတဲ့နေရာ တိုက်မှာကတော့ သူတို့မှာ စိတ်ထားအပြည့်အဝရှိတယ်။ သို့သော် ဘယ်လိုတိုက်ရမလဲ၊ ဘယ်သူကအမိန့်ပေးမလဲ၊ ဒီတစ်နေရာတိုက်ရင် နောက်တစ်နေရာ စစ်ကူမလာအောင်ဘယ်လိုလုပ်ရမလဲ။ အဲ့ဒါတွေက သူတို့ မစဉ်းစားနိုင်သေးဘူး။ အဲ့လိုမျိုးစဉ်းစားနိုင်အောင်လည်း တစ်ယောက်ယောက်က တစ်ဖွဲ့ဖွဲ့ကနေ စီစဉ်ဆောင်ရွက်ပေးရတာတွေရှိတယ်။ အမိန့်ချမှတ်ရတာတွေရှိတယ်။ အဲ့လိုမျိုး မရှိနေရင်တော့ ဒီတော်လှန်ရေးမှာ သိပ်တော့ အဆင်ပြေမှာ မဟုတ်ဘူး။အဲ့ဒါကို အားလုံးက ရှိဖို့လိုတယ်ဆိုတာ ဖြည့်စွက်ပြောချင်ပါတယ်။

**Chain of command အားကောင်းဖို့ကို လက်ရှိမှာ ပြန့်ကျဲနေတဲ့ တပ်တွေအကြားမှာ ကိုင်တွယ်ဆောင်ရွက်ရမှာတွေမှာ ပုံစံမျိုးစုံ ကွဲပြားပြီး တသတ်မတ်တည်းဖြစ်ဖို့ ခက်ခဲနေပါတယ်။ ဒီအပိုင်းနဲ့ ပတ်သက်ပြီး ပထမဆုံး ဆောင်ရွက်သင့်တဲ့ အခြေအနေနဲ့ လုပ်သင့်တဲ့ ကိစ္စရပ်တွေကိုလည်း ဆွေးနွေးပေးစေချင်ပါတယ်။**

ပြောရမှာ နည်းနည်းတော့ခက်တယ်ပေါ့ဗျာ။ ကျွန်တော်တို့ အခုတိုက်ပွဲဝင်နေတဲ့ လူငယ်တွေက ခုနကျွန်တော်ပြောသလိုပဲ၊ စိတ်ထားကတော့ အပြည့်အဝရှိတယ်၊ တိုက်မယ်ခိုက်မယ် ပေးဆပ်မယ်ဆိုတာကတော့ သူတို့ အပြည့်အဝရှိတယ်။ သို့သော် ကျွန်တော်တို့ ခေါင်းဆောင်လုပ်တဲ့သူတွေ၊ ခေါင်းဆောင်လို့ ခံယူထားတဲ့သူတွေ (ဘယ်ပါတီ ဘယ်အဖွဲ့အစည်းကိုမှ မပြောဘူး) ကိုယ့်ကိုယ်ကိုယ် ခေါင်းဆောင်လို့ခံယူထားတဲ့ သူတိုင်းက ဒီအချိန်မှာ အဖွဲ့အစည်းကိုလည်း အခြေမခံသင့်ဘူး၊ နွေဦးတော်လှန်ရေးအခြေခံပြီးမှ ဒီစစ်ကောင်စီ ပြုတ်ချဖို့ဆိုတာကိုပဲ ပေးဆပ်ဖို့လိုတယ်။ အခုက အဲ့ဒီလိုမျိုး ကျွန်တော် သိပ်မတွေ့ရဘူး။ ပါတီဆိုလည်း ပါတီစွဲနေသေးတယ်။

အဖွဲ့အစည်းဆိုလည်း အဖွဲ့အစည်းစွဲနေသေးတယ်။ အဓိကက စစ်ကောင်စီကို ပြုတ်ချအောင်တိုက်ဖို့ဆို ပေးဆပ်မှုတော့ လိုတယ်။ အဲ့ဒီဟာကို ကျွန်တော် ခေါင်းဆောင်ပိုင်းတွေပေါ့လေ... အဲ့ဒါတွေကို ပြောချင်ပါတယ်။ လူငယ်ပိုင်းတွေကတော့ စစ်ကောင်စီဆိုတိုက်မယ် စိတ်ထားမှန်နေတုန်းရှိသေးတယ်။ အဲ့ကိုဦးဆောင်တဲ့သူတွေက ကျွန်တော်တို့က စုဖွဲ့မှု အားကောင်းဖို့လိုတယ်။ ပြီးရင် ကိုယ့်ရဲ့အကျိုးကိုမကြည့်ဘဲ လူထုရဲ့ အကျိုးကိုပဲ ကြည့်စေချင်ပါတယ်။ ပါတီရဲ့ အကျိုး၊ အဖွဲ့အစည်းရဲ့ အကျိုးကို မကြည့်ဘဲ ဒီနွေဦးမှာ ပေါ်လာတဲ့ တော်လှန်ရေးကို အခြေခံတဲ့၊ ပြည်သူလူထုကို အခြေခံတဲ့ တော်လှန်ရေးပဲ ဖြစ်ရမယ်။ စုဖွဲ့မှုအားကောင်းရမယ်။ နိုင်ငံရေး

က တစ်ခုတည်းသွားသင့်တယ်။ အဲ့မဟုတ်ဘဲ သူလိုသလို သူဆွဲလို့ကတော့ တော်လှန်ရေးကတော့ သိပ်အခြေအနေကောင်းမှာမဟုတ်ဘူး၊ ဒါကတော့ ကျွန်တော်ရိုးရိုးပဲ မြင်တာပါ။

**စစ်ရေးအရ လုပ်ဆောင်ရမည့်ကိစ္စတွေမှာ code of conduct အတွက် ကျော်လွှားဖို့ခက်ခဲနိုင်တဲ့ အကြပ်အတည်းတွေရှိနိုင်ပါတယ်။ ဒီနေရာမှာ မျက်နှာမူသင့်တဲ့ အခြေအနေတွေကို ဘာနဲ့ဆုံးဖြတ်သင့်ပါသလဲ။**

ဒီမေးခွန်းကလည်း ကျွန်တော့်အတွက်နည်းနည်းတော့ခက်တယ်။ ကျွန်တော် ရိုးရိုးပဲပြောလိုက်ပါမယ်။ ဒီအချိန်ကတော့ အရေးကြီးတဲ့ အချိန်ပဲ။ ကျွန်တော်တို့ ဘယ်လောက်ပဲ စည်းမျဉ်းစည်းကမ်းတွေ ချထားချထား မလိုက်နာနိုင်ဘူးပေါ့လေ။ တချို့ ဝါရင့်တဲ့ တပ်ဖွဲ့ဝင်တွေကတော့ သိထားတယ်၊ သူလိုက်နာသင့်တာတွေကို လိုက်နာမယ်။ သို့သော် တချို့တွေကလည်း မလိုက်နာဘူးပေါ့။ ဒီအချိန်မှာတော့ အခက်အခဲတွေ အမျိုးမျိုးကြားကနေ လုပ်ရတယ်။ အဓိကကတော့ ကျွန်တော်ခုနပြောသလိုပဲ လူထုက အဓိကဖြစ်တယ်။ လူထုက အခုလက်ရှိ အနေအထားမှာ အရမ်းကြပ်တည်းပြီး ဒုက္ခရောက်နေတယ်။ ဒါကြောင့်လည်း တော်လှန်ရေးမြန်မြန်ပြီးဖို့ မျှော်လင့်နေတယ်။ ဒီနေ့ဒီအချိန်အထိ လူထုက စစ်ကောင်စီပြုတ်ဖို့ အားပေးနေတုန်းပဲ။ အဲဒီအပေါ်မှာ ကျွန်တော်တို့ လူထုတွေက ကျွန်တော်တို့ တပ်တွေကို အမြင်မှားအောင် ပြည်သူတွေက အားကိုးလို့ရတယ်ဆိုတဲ့ တပ်ဖွဲ့မျိုးဖြစ်ပါတယ်ဆိုတာ အနေအထားမျိုး ရှိနေရမယ်။ လူထုနဲ့ ဆန့်ကျင်ဘက် အလုပ်မျိုး၊ လူထုက ငြိုငြင်မယ့် အလုပ်မျိုး မလုပ်သင့်ဘူး ဆိုတာ တပ်ရင်း တပ်ဖွဲ့ဝင်တွေ သိရမယ်။ ကျွန်တော်တို့လည်း ဒီလောက်ပဲဖြေနိုင်တယ် ။

**ရဲဘော်များသို့ အမှာစကား**

ကျွန်တော်တို့ ရိုးရိုးရဲဘော်တွေကို အားပေးချင်တာက အခုတိုက်ပွဲဝင်နေတာက အားလုံးတန်းတူဖြစ်တယ်ပေါ့နော်။ တိုင်းရင်းသား ဗမာ အပါအဝင် တိုင်းရင်းသားတွေအားလုံး လူထုကလည်း ပါဝင်နေတယ်။ ကျွန်တော်တို့ ထိခိုက်တဲ့ ဒေသလူတွေကလည်း ထိခိုက်ကုန်ပြီ။ ကျတဲ့လူကလည်း ကျကုန်ပြီ။ အဲဒီအပေါ်မှာကတော့ ကျွန်တော်တို့ အားမလျှော့သင့်ဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီတခေါက်မှ မအောင်ဘူးဆိုရင် တစ်သက်လုံး စစ်အာဏာရှင်တွေရဲ့ အောက်မှာပဲ ပြန်နေရမယ်။ သို့သော် ကျွန်တော်တို့ တိုက်ပွဲဝင်တဲ့အချိန်မှာ ရဲဘော် တတွေ ကျင့်ကြည့်ပေါ့လေ လုံလေးလုံဆိုတာမျိုးက ရှိသင့်တယ် တချို့ကတော့ တိုက်ရင်းတကယ်တိုက်နေတာတွေရှိတယ် သို့သော် ဘာသတင်းမှ ဖြစ်မလာဘူးပေါ့နော် တော်တော်လေးကိုတိုက်ကြခိုက်ကြတယ် သတင်းကလဲ တင်ကြတယ် ကိုယ်ရဲ့ တီထွင်မှုတွေကိုလဲ သတင်းဖော်ပြကြတယ် အဲ့တာတွေက မလိုအပ်တဲ့ ဟာတွေ ဖြစ်နေတယ်။

တစ်ဖက်မှာက ကျွန်တော်တို့သင်တန်းက ပိုပြည့်စုံတယ် လက်နက်ခဲယမ်းတွေကလဲ ပိုပြည့်စုံတယ် လုံလုံလောက်လောက်ရှိတယ် ကျွန်တော်တို့မှာက အဲ့လိုမျိုးဂုဏ်မဖော်သင့်ဘူးပေါ့နော်။နောက်ကိုယ်ဘာလုပ်လုပ် ကျွန်တော်တို့မှာ လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်ရတယ် လူတိုင်းကို ဒီလူတွေ ဘာလုပ်နေသလဲ အသိပေးလို့မရဘူးပေါ့လေ။ သို့သော် အခုကျ လူတိုင်းကလဲ ထုတ်ဖော်ချင်ကြတယ်။ နောက်ပြီး ငါတို့လုပ်တယ်ဆိုတဲ့ဟာတွေကလဲ လိုချင်ကြပြန်တယ်။ ဒီဟာက တော်တော်လေးစောသေးတယ်။ တစ်ဖက်မှာကြည့်လိုက်ရင် ဥပမာ Facebookမှာ တိုက်ပွဲတွေတင်ထားတဲ့ ဟာမျိုးဆိုရင် သူတို့က ဒီလိုမျိုး စစ်နည်းပရိယာယ်ကို ပြန်လိုက်လို့ရတဲ့ဟာတွေ အများကြီး လုပ်လို့ရတယ်၊ အဲ့ဒီဟာကို အသိပေးချင်တာက အရမ်းမတင်ကြဖို့။ နောက်ပြီး ဒေါ်စုပြောတဲ့ စကားတစ်ခုရှိပါတယ် “လူတိုင်းကတော့ အရေးပါချင်ကြတယ်”။ သူပြောတာ တော်တော်မှန်တယ်။ ဘာလုပ်လုပ် ကိုယ်လုပ်ပါတယ်ဆိုတဲ့ဟာမျိုး မပြစေချင်ပါဘူး။ အမှန်က စစ်ရေးနဲ့ နိုင်ငံရေးနဲ့ လူမှုရေးကတော့ အများကြီးကွာတာပေါ့လေ စစ်ရေးမှာ လျှို့ဝှက်ရတယ်၊ လုံခြုံရေးထားရတယ် အဲ့တာတော့ လူငယ်တွေကို ပြောချင်တယ်။ နောက်ခေါင်းဆောင်ပိုင်းတွေကို ပြောချင်တာက ဒီအချိန်မှာ လူထုကိုပဲ အခြေခံပြီးမှ တော်လှန်ရေးလုပ်တာ သူ့အဖွဲ့ ကိုယ့်အဖွဲ့ သူ့ဒေသ၊ ကိုယ့်ဒေသ အဲ့လိုမျိုးဟာတွေ စိတ်မှားနေရင်တော့ အဆင်မပြေဘူး ကျွန်တော်တို့အတွက်၊ တကယ်ဒီကြားထဲမှာ ခံနေရတာက လူထုဖြစ်တယ်။ အဲ့တာကို ကျွန်တော်တို့ စုစုစည်းစည်းနဲ့ တော်လှန်ရေးလုပ်ကြမယ် တိုက်ပွဲဝင်ကြမယ်အဲ့လိုမျိုးဆိုရင်တော့ သိပ်မကြာဘူးလို့ ကျွန်တော်အဲ့လိုမျှော်လင့်ပါတယ်။